# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 6 May 2025 ၁၁၈၀၉


**ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော် မေ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်မည့် ၁၉၄၁ - ၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် (၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန်အတွက် မကြာမီရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော် ဥက္ကဋ္ဌ Mrs. Valentina Matvienko ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ တစ်ပါတည်း သွားရောက်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးမှု ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါချစ်ကြည်ရေးခရီးစဉ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



စလင်းမြို့နယ်၌ နှမ်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။

## စလင်းမြို့နယ်၌ နှမ်း ၃၃၇၇၈ ဧက စိုက်ပျိုးပြီးစီး

**စလင်း မေ ၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် နှမ်း ၂၃၆၃၃ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယနေ့အထိ ၃၃၇၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း စလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စလင်းမြို့နယ်အတွင်း ဒေသခံတောင်သူများက နှမ်းသီးနှံစိုက်ပျိုးရာသီ၌ မဲဇလီဆည်ရေ၊ စလင်းရေလှောင်တမံမှ တစ်ဆင့် လင်းဇင်းဆည်ရေနှင့် ဆည်ငယ်ကန်ငယ်များမှ ရေတို့ဖြင့် မိမိတို့ဒေသနှင့်ကိုက်ညီသည့် နှမ်းမျိုးများဖြစ်သည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**


မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၅)ပြဋ္ဌာန်း

စာမျက်နှာ » ၃

မန္တလေးလျှောင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည် ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေ ပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ » ၅

၂၀၂၅ ကနေဒါ ရွေးကောက်ပွဲ သုံးသပ်ချက်

ဆောင်းပါး

စာမျက်နှာ » ၆

နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

စာမျက်နှာ » ၈

## ကြေးမုံ

# ငလျင်လှုပ်ခတ်မှုကိုသင်ခန်းစာယူ စံချိန်စံညွှန်းများနှင့်အညီ ဝိုင်းဝန်းဆောင်ရွက်

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က အင်အားပြင်းငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်၊ ရှမ်းပြည်နယ်တောင်ပိုင်း စသည့်ဒေသများ၌ နေအိမ်အဆောက်အအုံများစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ငလျင်စတင်လှုပ်ခတ်သည့်နေ့မှ မေ ၄ ရက်နေ့အထိ သေဆုံးသူ ၃၇၈၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၉၂ ဦးရှိသည်။ ထိုသို့ ထိခိုက်၊ သေဆုံးမှုများသည် မခိုင်ခံ့သောအဆောက်အအုံများ၏ ပြိုကျပိတ်မိမှုများကြောင့် ဝမ်းနည်းကြေကွဲဖွယ်ရာ အဖြစ်ဆိုးများနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ အဆိုပါဖြစ်ပေါ်ခဲ့မှုများကို သင်ခန်းစာယူ၍ အဆောက်အအုံများကြံ့ခိုင်မှုနှင့် ပတ်သက်၍ ဗိသုကာအင်ဂျင်နီယာပညာရှင်များ၏ ဆန်းစစ်အကြံပြုလမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ထိုနေ့ကလှုပ်ခတ်ခဲ့သည့် ငလျင်ကြီးသည် ကမ္ဘာ့မှတ်တမ်းဝင်အဆင့်အဖြစ် လေ့လာသုံးသပ်စရာများစွာရှိနေသည်။ ငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သည့် အက်ကြောင်းကြီးသည် ကီလိုမီတာ ၅၀၀ ခန့်ရှိပြီး ငလျင်ဗဟိုချက်မှ ဖြန့်ခွဲဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ ပြတ်ရွေ့ကြောအလိုက် လှုပ်ခတ်သွားခြင်းဖြစ်ရာ မတူကွဲပြားသည့်ဒေသများ၌ တစ်ပြိုင်တည်း ထိခိုက်ခံစားခဲ့ရခြင်းဖြစ်ကြောင်း ငလျင်ပညာရှင်များက သုံးသပ်ကြသည်။ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၏အခြေအနေကို စနစ်တကျ စစ်ဆေးဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားသည့် အင်ဂျင်နီယာများကိုဖိတ်ခေါ်ပြီး မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်နှင့် ရန်ကုန်စသည့်မြို့ကြီးများတွင် ဧပြီ ၉ ရက်နေ့မှစတင်၍ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

အဆောက်အအုံများ ငလျင်ဒဏ်ခံရသည့်အခြေအနေနှင့်ပတ်သက်၍ မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက် ငလျင်ဒဏ်သင့်သည့်ဒေသများသို့ နိုင်ငံတော်အကြီးအကဲ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် “ငလျင်သဘာဝဘေးဒဏ်သည် အင်ဂျင်နီယာပိုင်းဆိုင်ရာအတွက် ကြီးမားသည့်စိန်ခေါ်မှုပင်ဖြစ်ကြောင်း၊ အင်ဂျင်နီယာရှုထောင့်အရ အဆောက်အအုံများ တည်ဆောက်ရာတွင် စနစ်တကျတွက်ချက်ဆောက်လုပ်သင့်သည်ကို သင်ခန်းစာဖော်ထုတ်ရရှိခဲ့ကြောင်း” ပြောကြားခဲ့သည်။ ငလျင်လှုပ်ခတ်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်အတူ နိုင်ငံတော်က အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံးပြုပြင်ခြင်း၊ အန္တရာယ်ရှိအဆောက်အအုံများကို ပြုပြင်ရန်စစ်ဆေးခြင်း၊ ပြုပြင်မရသည့် အဆောက်အအုံများကို ဖျက်သိမ်းခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်ရွက်လျက်ရှိသည်။

မြန်မာအင်ဂျင်နီယာများနှင့် ဖွဲ့စည်းထားသည့် ငလျင်ကော်မတီအနေဖြင့် မန္တလေးငလျင်ကြီးလှုပ်ခတ်အပြီး အဆောက်အအုံများ အသုံးပြုနိုင်မှုအခြေအနေများကို အကဲဖြတ်ခြင်းနှင့် ပြန်လည်အသုံးပြုနိုင်မည့်အဆောက်အအုံများကို ဆောလျင်စွာ အသုံးပြုနိုင်ရန် စိစစ်ပေးခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် စဉ်ဆက်မပြတ်စောင့်ကြည့်ပြီး လိုအပ်ချက်များကို တစ်နေရာတည်းတွင်စုစည်း၍ အထောက်အပံ့ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။ အင်ဂျင်နီယာပိုင်းဆိုင်ရာတွင် အဆောက်အအုံများနှင့်ပတ်သက်၍ အပြာရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့်ဟူ၍ သတ်မှတ်ထားသည်။ အဆောက်အအုံများတွင် အပျက်အစီးအနည်းငယ်မျှရှိပြီး ထိခိုက်ပျက်စီးမှု ကြီးကြီးမားမားမရှိလျှင် အပြာရောင်အဆင့် သတ်မှတ်ကာ မိသားစုများနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်နေထိုင်လုပ်ကိုင်ခွင့်ရှိသည်။

အဆောက်အအုံများ ပျက်စီးမှုရှိသော်လည်း ပြုပြင်ရန်ကြာရှည်မည့်အဆောက်အအုံများကို လိမ္မော်ရောင်အဆင့်သတ်မှတ်ထားသည်။ အဆောက်အအုံများ အလွန်ထိခိုက်ပျက်စီးပြီး အန္တရာယ်ရှိသောအနေအထားများရှိပါက အနီရောင်အဆင့်သတ်မှတ်ထားသည်။ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့စဉ် ဗုန်းဗုန်းလဲပြိုကျသွားသော အဆောက်အအုံများကို သုံးသပ်ကြည့်လျှင် ငလျင်ကြောပေါ်ကျရောက်မှုနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ အဆောက်အအုံဆောက်လုပ်မှု အားနည်းချက်များကြောင့်ဟု ဆိုရမည်ဖြစ်သည်။ အဆောက်အအုံများ ပြန်လည်အသုံးပြုနိုင်စွမ်းကို စစ်ဆေးခြင်းများ ပြုလုပ်ပြီးသည်နှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးနိုင်ရန် လုပ်အားပေးအင်ဂျင်နီယာများက ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

သို့ဖြစ်ရာ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ဒေသများတွင် အဆောက်အအုံများ ပြိုကျပျက်စီးမှုများဖြစ်ပွားခဲ့ရာ အဆောက်အအုံများ အသစ်ပြန်လည်တည်ဆောက်ရေး၊ ထိခိုက်မှုရှိခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးတို့အတွက် ငလျင်ဒဏ်ခံနိုင်ရည်ရှိသည့် အင်ဂျင်နီယာပိုင်းဆိုင်ရာလမ်းညွှန်မှုများနှင့် သတ်မှတ်စံချိန်၊ စံညွှန်းများနှင့်အညီ ဝိုင်းဝန်းပူးပေါင်းလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပမည့် (၄) ကြိမ်မြောက် ဘက်စုံ သဘာဝဘေးကြိုတင်သတိပေးခြင်းဆိုင်ရာ ဝန်ကြီးများအဆင့်ညီလာခံသို့ တက်ရောက်ရန် သီရိလင်္ကာနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် မေ ၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ၂၀၂၅ ခုနှစ် မေ ၇ ရက်မှ ၉ ရက်အထိ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပမည့် (၄) ကြိမ်မြောက် ဘက်စုံ သဘာဝဘေး ကြိုတင်သတိပေးခြင်းဆိုင်ရာ ဝန်ကြီးများအဆင့် ညီလာခံ (4th RIMES Ministerial Conference) သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ သီရိလင်္ကာနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော်** မေ ၅

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီ တည်ထောင်လိုသော **ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၅ ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ ၅၀၊ စုစုပေါင်း ၇၅ ပါတီ ရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၆၂၄ ခုစစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၅-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၇-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄)ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း COVID-19 ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## ၅ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၇၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၈၀၀ | ၆,၈၀၀ | ၁,၃၇၇ | ၉,၃၆၃,၆၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၇၁ | ၂၂၀,၁၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၇၅၀ | ၄၀၄ | ၇၀၈,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၇၅၀ | ၂,၁၇၅,၀၀၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၅၅ | ၈၂,၅၀၀ |
| AMATA | ၃,၈၅၀ | ၃,၉၀၀ | ၆၀၃ | ၂,၃၂၁,၇၀၀ |
| MAEX | ၃,၀၅၀ | ၃,၀၅၀ | ၁,၅၃၂ | ၄,၆၇၂,၆၀၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၂၀၀ | ၃၀ | ၉၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၅)ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၅)**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၇ / ၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
( ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေတွင် ပါရှိသော "Ministry of Transport" ဆိုသည့် စကားရပ်ကို "Ministry" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Magistrate" နှင့် "Magistrate of the first class" ဆိုသည့်စကားရပ်များကို "Court" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "Department of Marine Administration" ဆိုသည့်စကားရပ်ကို "Department" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၁ ကို အောက်ပါအတိုင်းအစား ထိုးရမည်-

1. Unless otherwise expressly provided, the following expressions contained in this Act shall have the meanings given hereunder:
   - (a) **Government** means the Union Government of the Republic of the Union of Myanmar;
   - (b) **Ministry** means the Ministry of Transport and Communications of the Union Government;
   - (c) **Department** means the Department of Marine Administration of the Ministry of Transport and Communications;
   - (d) **Myanmar ship** means any ship registered under this Act; and
   - (e) **Court** means any appropriate court having jurisdiction in the matter relating to this Act.

၄။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

1A. (a) No ship shall be deemed a registered ship unless it has been registered by the registering-officer of any port in Myanmar and holding a valid Certificate of Registry as required by any provisions of this Act.
   (b) Forms of Certificates of Registry, their validity and fees to be paid shall be such as may be prescribed by the Ministry.

၅။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေ ပုဒ်မ ၂၊ ၃၊ ၄၊ ၇ နှင့် ၈ တို့တွင် ပါရှိသော "President of the Union" ဆိုသည့်စကားရပ်ကို "Ministry" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်းအစားထိုးရမည်-

5. (a) No registry shall be made or no certificate shall be granted until the declaration, in which the following stated particulars are true and to the best of his knowledge and belief, shall be made or subscribed before the registering-officer by the owner or major part of the owners of ship required to be registered:
   - (1) name of the ship and its tonnages;
   - (2) a statement of the date when and the place where the ship was built, or if the date and place of building are not known, a statement that the declarant does not know the date and place of the building of the ship;
   - (3) a statement as to the owner of the ship and the citizenship of such owner, and if the ship is owned by more than one person, the number of shares each is entitled to;
   - (4) a statement of the name of the master of the ship and his citizenship;
   - (5) a statement that no other person (other than those declared) is entitled as owner to any legal or beneficial interest in the ship or any share thereof;
   - (6) a statement of the name and citizenship of the operator who operates the ship other than owner mentioned under clause (3); and
   - (7) such other particulars as may be prescribed.

   (b) The registrar may demand proof of ownership to his satisfaction before proceeding with the registry of a ship.

၇။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေ ပုဒ်မ ၅-က တွင်ပါရှိသော "section 1" ဆိုသည့် စကားရပ်ကို "section 1A" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေ ပုဒ်မ ၅-က ၏ နောက်တွင် ပုဒ်မ ၅-ခ နှင့် ၅-ဂ တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

5B. (a) No person shall be qualified to own a Myanmar ship unless such person shall be any of the followings:
   - (1) a citizen of Myanmar;
   - (2) a company or a body established in Myanmar which satisfies the following requirements:
     - ( i ) the company or a body is incorporated in Myanmar;
     - ( ii ) the principal office of the company or a body is in Myanmar;
     - (iii) the management of the company or a body is undertaken in Myanmar;
     - (iv) the majority of the shareholding, or the percentage of such shareholding as may be determined by the Ministry under sub-section (b), including the voting share, of the company or a body is held by Myanmar citizens independent of any influence by any person other than Myanmar citizens; and
     - ( v ) the majority, or the percentage of the shareholding as may be determined by the Ministry under sub-section (b), of the directors of the company or a body are Myanmar citizens.

   (b) The Ministry may, by notification, determine:
   - (1) the percentage of the shareholding, including voting share; and
   - (2) the percentage of the directors of the company or a body required to be Myanmar citizens.

   (c) In addition to the requirements prescribed in sub-section (a), other requirements may be prescribed by the Ministry.
   (d) Documents pertaining to shareholding shall be developed by the company or the body as may be required by the registrar of ships.

5C. (a) The Department shall take administrative action against any person who fails, without reasonable cause, to register as per the requirements shall be liable to pay a fine not exceeding ten percent of the value of the ship to the Department.
   (b) Any person who fails to comply with sub-section (a) shall, on conviction before a Court, be punished with imprisonment for a term not exceeding twelve months and the subject ship may be confiscated.
   (c) If it is failed to discover or determine ownership of the ship, it may be seized as the property of the Government by the Ministry.

၉။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေ ပုဒ်မ ၈ ၏ နောက်တွင် ပုဒ်မ ၈-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

8A. The Ministry may delegate its duties and powers conferred in section 3, 4, 7 and 8 to the Department.

၁၀။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေ ပုဒ်မ ၂၀ တွင်ပါရှိသော "before him" ဆိုသည့် စကားရပ်ကို "before it" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

❍ ရှေ့ဖုံးမှ
စမုန်နက်၊ သိပ္ပံနှမ်းနက် ဆင်းရတနာနှမ်းမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

**ကွင်းဆင်းဆောင်ရွက်**

စလင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ ယခုနှစ် နှမ်းကိုသာ အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပြီး မြို့နယ်အတွင်း စားသုံးဆီဖူလုံစေရေး နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ရာသီဥတု၊ ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သီးနှံအထွက်နှုန်း ပိုမိုထွက်ရှိရေးနှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်ကောင်းမွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သည့်စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများအား အသိပညာပေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၅

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြု အပ်ပါသည်။

**မိုး/ဇလ**

# အင်အားပြင်းမန္တလေးငလျင်ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည့်ဒေသများတွင် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ခဲ့ခြင်းအပေါ် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များက လေးစားချီးကျူးရသည်အထိ နိုင်ငံတကာအဆင့်မီ စွမ်းဆောင်နိုင်ခဲ့ကြ

**ရန်ကုန် မေ ၅**

၂၀၂၅ ခုနှစ် မေ ၅ ရက်တွင် ကျရောက်သည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မီးသတ် ဝန်ထမ်းဟောင်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မတ် ၂၈ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် အလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် သေဆုံးသွားသူများအား ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သပြီး (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မှတ်တမ်းတင်ဗီဒီယိုကို ပြသသည်။

**ဂုဏ်ပြုပြောကြား**

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် "မီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်ထဲရေး ဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ ရည်မှန်းချက်တာဝန်ကြီး (၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များအတွက် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် အချက်များကို နားလည် သဘောပေါက်အောင် အသိပညာပေးစည်းရုံးဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့်လည်း မိမိတပ်ဖွဲ့၏ ရပ်တည်ချက်များ၊ ရည်မှန်းချက် တာဝန်များနှင့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကောင်းမွန်စွာ သိရှိနားလည်ပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အထူးလိုအပ်ပါကြောင်း၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင် ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့သည့်ဒေသများတွင် အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုများနှင့်အညီ မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခဲ့ရာ အသက်ရှင်သူ ၆၅၃ ဦးနှင့် သေဆုံးသူ ၇၈၉ ဦးတို့အား ရှာဖွေကယ်ဆယ်ထုတ်ယူနိုင်ခဲ့ခြင်းအပေါ် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များက မီးသတ်ဦးစီးဌာနအပေါ် လေးစားချီးကျူးရသည် အထိ နိုင်ငံတကာအဆင့်မီ စွမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ဖြေရှင်းရန် လက်ရှိအခြေအနေနှင့် နောင်အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သော စိန်ခေါ်မှုများကို မျှော်မှန်းပြီး မီးသတ်တပ်ဖွဲ့အနေဖြင့် အသွင်သဏ္ဍာန်ရောအနှစ်သာရပိုင်းပါ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် Man Power၊ Equipment Power နှင့် Techno-logical Power တို့ကို ဟန်ချက်ညီညီ တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နိုင်ရေးအတွက် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးနည်းပညာများ အသုံးပြုဆောင်ရွက်နိုင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Search and Rescue Team)များကို ဒေသအလိုက် စုဖွဲ့လေ့ကျင့်ပြီး အသင့်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း" ပြောကြားသည်။






**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပြည်သူလူထု မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး သီချင်းဖြစ်သည့် 'မီးသတ်ပြု'သီချင်းအား သီဆိုခဲ့သူ အဆိုတော် ဦးထွန်းရွှေ၊ မီးသတ်လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အသက် ၉၀ နှင့်အထက် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး၊ ရဲသူရတံဆိပ်ရရှိသူ သန္ဓေတပ်ဖွဲ့ဝင် နှစ်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရဲဗလတံဆိပ်ရရှိသူနှစ်ဦး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၌ စံပြဆုရရှိသူတစ်ဦး၊ နိုင်ငံတကာစွမ်းရည်ပြိုင်ပွဲတွင် အဖွဲ့လိုက်ဆုရရှိသူများနှင့် လူမှုထူးချွန်(ပထမအဆင့်) ရရှိသူတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

**စွမ်းရည်သရုပ်ပြ ကြည့်ရှုအားပေး**

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မီးသတ်စွမ်းရည် သရုပ်ပြခြင်း အစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး မီးသတ်ပစ္စည်းကိရိယာပြခန်းနှင့် လေ့ကျင့်ရေးကွင်းအတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းနှင့် ခေတ်မီ မီးသတ်ယာဉ်/စက်၊ ပစ္စည်းကိရိယာများနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာကို လိုက်လံကြည့်ရှုကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**(၇၉)နှစ်ပတ်လည်နေ့**

သမိုင်းကြောင်းအရ ၁၉၄၆ ခုနှစ် မေ ၅ ရက် တနင်္ဂနွေနေ့တွင် မြန်မာတစ်နိုင်ငံလုံးရှိ ၁၉ ခရိုင်မှ ခရိုင်၊ မြို့နယ်အဆင့် မီးသတ်အစည်းအရုံးခွဲများမှ စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့ ကိုယ်စားလှယ် ၁၉၇ ဦးအား စုစည်းပြီး ပထမဆုံးအကြိမ် "ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံး ညီလာခံကြီး"ကို ရန်ကုန်မြို့ ကန်တော်လေးတွင် ကျင်းပခဲ့ရာ ထိုညီလာခံသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်တက်ရောက် မိန့်ခွန်းပြောကြားခဲ့ကြောင်း၊ ထိုနေ့ကို အစွဲပြုကာ နှစ်စဉ် မီးသတ်တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့ကြောင်း၊ ခေတ်အဆက်ဆက် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်တို့တွင် အစဉ်တစိုက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များအား ယနေ့ကျင်းပသည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားဖြင့် ဂုဏ်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၅**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ရာဇာထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်သေဆုံးခဲ့သည့် ပြည်သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် မတ်တပ်ရပ်၍ တစ်မိနစ်ငြိမ်သက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား မိန့်ခွန်းပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး တာဝန်ရှိသူများနှင့်အတူ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မန္တလေးလျှင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအား စိတ်ခွန်အားပေးနိုင်ရန် အနုပညာရှင်များအနေဖြင့် ကြိုးပမ်းပေးရမည်

ရန်ကုန် မေ ၅

မန္တလေးလျှင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ လျှင်သမိုင်းကြောင်းနှင့် မန္တလေးလျှင်ကြီး လှုပ်ခတ်ပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အချိန်သည် လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်နေသည့် အချိန်ဖြစ်ပြီး လျှင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအား စိတ်ခွန်အားပေးနိုင်ရန် အနုပညာရှင်များအနေဖြင့် ကြိုးပမ်းပေးရမည်ဖြစ်ကြောင်း၊ နောင်တွင် လျှင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရမည်ဟု နိုင်ငံတော် အကြီးအကဲက ညွှန်ကြားထားသည့် အတွက် ယခုကဲ့သို့ လျှင်ဒဏ်ကြောင့် အဖြစ်ဆိုးများ နောင်တွင် မကြုံတွေ့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အနုပညာရှင်များအနေဖြင့် နိုင်ငံတော်တွင် သဘာဝ ဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အခါတိုင်း မိမိတို့ တတ်ကျွမ်းသည့် အနုပညာစွမ်းအားဖြင့် ရန်ပုံငွေရှာဖွေ ပါဝင်ကူညီခဲ့ကြသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်တွင် မည်သို့ပင် အခက်အခဲများ ကြုံတွေ့ရသည်ဖြစ်စေ အနုပညာရှင်များကပြည်သူများအား အနုပညာဖြင့် ဖမ်းစားနိုင်သည့်အတွက် ပြည်သူများ၊ ဝန်ထမ်းများအား မိမိတတ်ကျွမ်းသည့် အနုပညာဖြင့် ပျော်ရွှင်တက်ကြွစေပြီး စိတ်ခွန်အားဖြည့်ပေးကြစေလိုပါကြောင်း၊ မေ ၁၀ ရက်၊ ၁၁ ရက် နှင့် ၁၂ ရက်တို့တွင် အမျိုးသားကဇာတ်ရုံ(ရန်ကုန်)၌ ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များ စုပေါင်း၍ ရန်ပုံငွေပဒေသာကပွဲ ကျင်းပရန် စီစဉ်ထားပြီးဖြစ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းကြစေလိုကြောင်း၊ ယခုပဒေသာကပွဲသည် ရန်ပုံငွေရရှိရေး သက်သက်သာ မဟုတ်ဘဲ ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များ ပေါင်းစည်းမှု၊ စည်းလုံးညီညွတ်မှုကို ပြသသည့်ပွဲလည်း ဖြစ်သဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြပါဟု ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးချစ်မျိုးထိုက်၊ မန္တလေးလျှင်ကြီး ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးချမ်းသာကြည်စိုးနှင့် တက်ရောက်လာကြသူများက မန္တလေးလျှင်ကြီး ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မန္တလေးလျှင်ကြီး ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် မေ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်တိုင်တိုင် ညနေ ၅ နာရီခွဲမှ ည ၁၀ နာရီအထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

သတင်းစဉ်

# နေပြည်တော်ရှိ လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် လူသုံးကုန်နှင့် စားသုံးကုန်မျိုးစုံကို ရွှေ့လျားယာဉ်ကြီးဖြင့် ရောင်းချပေးလျက်ရှိ



ပဲခူး မေ ၅

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ နေပြည်တော်ရှိ လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် MSME ဒေသထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသုံးကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းမျိုးစုံတို့ကို မေ ၅ ရက် နံနက်ပိုင်းမှစတင်၍ ရွှေ့လျားယာဉ်ကြီးဖြင့် သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည်။

### ရောင်းချပေးလျက်ရှိ

ဦးစွာ နေပြည်တော်ကောင်စီရုံးဝင်းအတွင်း၌ လျှင်ဘေးဒဏ်သင့် နိုင်ငံ့ဝန်ထမ်းများအား ပဲခူးတိုင်းဒေသကြီးမှ ထွက်ရှိသည့် အသေးစား၊ အငယ်စား၊ အလတ်စား MSME ဒေသထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသုံးကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းမျိုးစုံတို့ကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် နေပြည်တော်ရှိ လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် MSME ဒေသထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသုံးကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းမျိုးစုံ စုစုပေါင်းအမည် ၁၅၀ ကျော်ကို သက်သာသောနှုန်းထားဖြင့် ဝန်ကြီးဌာနများနှင့် ရပ်ကွက်များသို့ နေ့စဉ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ၂၀၂၅ ကနေဒါ ရွေးကောက်ပွဲ သုံးသပ်ချက်

နိုင်ငံတကာရေးရာ
သုတေသီတစ်ဦး

**မြောက်အမေရိကတိုက် ကနေဒါနိုင်ငံ (Canada) မှာ ၂၀၂၅ ခုနှစ် ဧပြီလ ၂၈ ရက်က ဗဟိုအစိုးရ ရွေးကောက်ပွဲများပြုလုပ်ခဲ့ပြီး နောက်တစ်နေ့ ဧပြီလ ၂၉ ရက်မှာ ရွေးကောက်ပွဲရလဒ် အများစုထွက်ပေါ်လာခဲ့ပြီ ဖြစ်ပါတယ်။**

အမေရိကန်သမ္မတ ထရမ့်ကို တောက်လျှောက်ဆန့်ကျင်ဝေဖန်ခဲ့တဲ့ လက်ရှိဝန်ကြီးချုပ် တာဝန်ယူထားသူ Mark Carney ဦးဆောင်တဲ့ လစ်ဘရယ်ပါတီ (The Liberal Party) ဟာ မဲဆန္ဒနယ်အများစုကို အနိုင်ရသွားပါတယ်။ အခုဆို Mark Carney ထံ ယူကရိန်းသမ္မတ ဇာလန်စကီးအပါအဝင် ကမ္ဘာ့နိုင်ငံခေါင်းဆောင် အများအပြားက ဝမ်းမြောက်ကြောင်း သဝဏ်လွှာတွေ ပေးပို့နေကြပါပြီ။

တစ်နည်း ၂၀၁၅ ခုနှစ်ကတည်းက ကနေဒါနိုင်ငံကို အုပ်ချုပ်နေတဲ့ လစ်ဘရယ်ပါတီဟာ နောက်ထပ်ငါးနှစ် ဆက်လက်အုပ်ချုပ်ခွင့်ရမယ့် သဘောဖြစ်ပါတယ်။ ရွေးကောက်ပွဲမတိုင်မီ တစ်နှစ်ခန့်က အနိုင်ရမယ်လို့ ရှေ့ပြေးနေခဲ့တဲ့ Pierre Poilievre ဦးဆောင်တဲ့ ကွန်ဆာဗေးတစ်ပါတီ (The Conservative Party) ကတော့ ဒုတိယနေရာနဲ့ပဲ နှစ်သိမ့်ခဲ့ရပါတယ်။ Pierre Poilievre ဟာ သူ့ပါတီ ရှုံးနိမ့်ရုံတင်မဟုတ်ဘဲ သူကိုယ်တိုင်ပါ သူ့မဲဆန္ဒနယ်မှာ ရှုံးနိမ့်ခဲ့တာဖြစ်လို့ Pierre Poilievre ရဲ့ နိုင်ငံရေးအနာဂတ်ပါ မသေချာမရေရာ ဖြစ်သွားခဲ့ပါတယ်။



ကနေဒါနိုင်ငံ၌ ဧပြီ ၂၈ ရက်က ကျင်းပသည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေသည်ကို တွေ့ရစဉ်။

ယခု ကနေဒါရွေးကောက်ပွဲမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့အရိပ်က ကြီးမားစွာ လွှမ်းမိုးမှုရှိနေပါတယ်။ ထရမ့်က ကနေဒါကို အမေရိကန်ရဲ့ ၅၁ ခုမြောက် ပြည်နယ်အဖြစ် အလိုရှိတယ်လို့ ၂၀၂၄ အမေရိကန် ရွေးကောက်ပွဲမတိုင်မီမှာကော ရွေးကောက်ပွဲနိုင်ပြီး နောက်ပိုင်းမှာပါ ပြောဆိုထားတာကြောင့် ကနေဒါနိုင်ငံ တစ်ဝန်း အမေရိကန်ဆန့်ကျင်ရေး ပျံ့နှံ့ကြီးထွားနေချိန်မှာ အခုလို ရွေးကောက်ပွဲများ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

ကနေဒါနိုင်ငံဟာ ကမ္ဘာမှာ ဧရိယာ နယ်နိမိတ် ဒုတိယအကြီးမားဆုံး နိုင်ငံဖြစ်ပြီး G-7 လို့ခေါ်တဲ့ ကမ္ဘာ့စက်မှု ထိပ်သီးနိုင်ငံများ စာရင်းဝင်လည်း ဖြစ်ပါတယ်။ နိုင်ငံတကာ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ လူ့အခွင့်အရေး အညွှန်းကိန်းများမှာလည်း ထိပ်ဆုံးကအမြဲရှိနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စစ်အင်အားလည်း အတော်အသင့် ကြီးမားတဲ့ နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာ့အရေးအရာများမှာလည်း တက်တက်ကြွကြွ ပါဝင်လေ့ရှိပြီး အထူးသဖြင့် အနောက်နိုင်ငံများအနက် လစ်ဘရယ်အကျဆုံး နိုင်ငံတစ်နိုင်ငံအဖြစ်လည်း ထင်ရှားပါတယ်။ တစ်ခါတစ်ရံ ကနေဒါစစ်သင်္ဘောအချို့ အငြင်းပွားနေတဲ့ တောင်တရုတ်ပင်လယ်နဲ့ ထိုင်ဝမ်ကျွန်းဘက်မှာ တွေ့မြင်ရတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်လာတတ်ပါတယ်။

ကနေဒါဟာ ဧရိယာနယ်နိမိတ် ကြီးမားပြီး စက်မှုထိပ်သီးနိုင်ငံ ဖြစ်ပေမယ့် လူဦးရေက သန်း ၄၀ သာသာရှိတာမို့ မဟာအင်အားကြီး စာရင်းအနေနဲ့တော့ သတ်မှတ်လို့မရပါဘူး။ သို့သော် လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးနဲ့ ပတ်သက်ရင် အသံကျယ်တယ်ပေါ့။ စွာတယ်ပေါ့။

မြန်မာအနေနဲ့ ကနေဒါက အဝေးကြီးဖြစ်ပါတယ်။ သို့သော် ကနေဒါဟာ ဟိုးအရင်ကတည်းက ပြည်ပထွက်လိုတဲ့ မြန်မာလူငယ်များအကြားမှာ ရေပန်းစားပါတယ်။ နိုင်ငံတကာ လူငယ်အများအပြားရဲ့ ပညာရေး အိပ်မက်ထဲမှာလည်း ကနေဒါက ထိပ်ဆုံးက ပါပါတယ်။ ကနေဒါမှာလည်း အာရှလူမှု အသိုင်းအဝိုင်းက ကြီးကြီးမားမား တည်ရှိနေပြီး ကနေဒါ လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းနီးပါးက အာရှတိုက်သားများ ဖြစ်ပါတယ်။

အဲဒီထဲမှာ တရုတ်လူမျိုးက အများဆုံးဖြစ်ပြီး ကနေဒါမှာ အထူးသဖြင့် ကနေဒါမြို့ကြီး အချို့မှာ တရုတ်များလွန်းလို့ အချို့က ကနေဒါကို Chinada ဆိုပြီး နောက်ပြောင် ခေါ်ဝေါ်ကြပါတယ်။ အခု ရွေးကောက်ပွဲမှာလည်း နိုင်ငံရေးသမားအချို့က လူဝင်မှုကိစ္စတွေအပေါ် ထောက်ပြဝေဖန်မှုတွေ ရှိပါတယ်။ ကနေဒါမှာ အပြင်ကလူတွေ သိပ်များနေပြီပေါ့။ ကြာရင် ကနေဒါပုံရိပ်၊ ကနေဒါ အမှတ်အသားတွေ ပျောက်ကွယ်သွားမယ်ဆိုပြီး အမေရိကန်က ထရမ့်လိုမျိုး သူတို့ဆီမှာလည်း အမျိုးသားရေး နိုင်ငံရေးသမားတွေ ရှိပါတယ်။

ကြုံတိုင်းရေးရရင် အခုဧပြီလမှာ ပြုလုပ်တဲ့ ကနေဒါရွေးကောက်ပွဲနဲ့ ပြီးခဲ့တဲ့ဖေဖော်ဝါရီလမှာ ပြုလုပ်ခဲ့တဲ့ ဂျာမနီရွေးကောက်ပွဲများမှာ တိုက်ဆိုင်တူညီမှု အချို့ရှိပါတယ်။ ရွေးကောက်ပွဲ မတိုင်မီ နှစ်ရက်အလိုမှာ ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့ (Vancouver) မှာ ဖိလစ်ပိုင် ရိုးရာပွဲတော်တစ်ခု ကျင်းပနေစဉ် ကားတစ်စီးက လူအုပ်ထဲအတင်း တိုးဝင် တိုက်ခိုက်ခဲ့တာကြောင့် လူ ၁၁ ယောက် သေပြီး ဒါဇင်နဲ့ချီပြီး ဒဏ်ရာရသွားကြပါတယ်။ ကနေဒါသမိုင်းမှာ အဆိုးရွားဆုံး မှုခင်းတစ်ခုအဖြစ်လည်း မှတ်တမ်းဝင်သွားပါတယ်။

ဂျာမနီမှာလည်း ရွေးကောက်ပွဲမတိုင်မီ ရက်အနည်းငယ်အလိုမှာ မြူးနစ်မြို့ (Munich) မှာ ကားနဲ့ လူအုပ်ထဲ ဝင်ရောက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့လို့ လူအများအပြား ထိခိုက်ဒဏ်ရာရခဲ့ကြပါတယ်။ အဲဒီလို တိုက်ခိုက်မှုတွေဟာ ရွေးကောက်ပွဲတွေနဲ့ ဆက်စပ်မှုရှိသလားဆိုတဲ့ မေးခွန်းတွေလည်း ထွက်ပေါ်လာစေပါတယ်။ နောက်တိုက်ဆိုင်မှု တစ်ခုက ဂျာမနီမှာရော ကနေဒါမှာပါ အမျိုးသားရေး ပါတီတွေဟာ တစ်နည်း လက်ယာပါတီတွေဟာ အမေရိကန်သမ္မတ ထရမ့်တို့၊ ထရမ့်ရဲ့ လူရင်းအီလွန်မတ်တို့နဲ့ နီးစပ်မှုရှိပါတယ်။ အဲဒီလို နီးစပ်မှု၊ နီးစပ်တယ်လို့ ထင်မြင်မှုတွေကပဲ ရွေးကောက်ပွဲတွေမှာ အမျိုးသားရေး ပါတီတွေကို ထိခိုက်သက်ရောက်မှု တစ်စုံတစ်ရာ ရှိတယ်လို့ သုံးသပ်ယူဆကြပါတယ်။

ဂျာမနီရွေးကောက်ပွဲမှာ အမျိုးသားရေး လက်ယာပါတီ AfD ဟာ ဒုတိယနေရာရခဲ့ပြီး သူတို့ မျှော်မှန်းသလောက် မဲအရေအတွက် မရခဲ့ပါဘူး။ အခု ကနေဒါရွေးကောက်ပွဲမှာလည်း အမျိုးသားရေး လက်ယာပါတီ The Conservative Party ဟာ ဒုတိယနေရာရခဲ့ပြီး သူတို့မျှော်မှန်းသလောက် မဲအရေအတွက် မရခဲ့ပါဘူး။

> **ရွေးကောက်ပွဲအနိုင်ရတဲ့ လစ်ဘရယ်ပါတီခေါင်းဆောင် Mark Carney က အမျိုးသားညီညွတ်ရေးအတွက် နှိုးဆော်လိုက်ကာ ထရမ့်ဟာ ကနေဒါကို သွေးခွဲဖို့၊ အားနည်းစေဖို့ ကြိုးစားနေပြီး ကနေဒါ အားနည်းမှသာ အမေရိကန်အနေနဲ့ ကနေဒါကို ပိုင်ဆိုင်နိုင်မှာဖြစ်တယ်။ ဒါဟာ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူးဆိုပြီး ပါတီထောက်ခံသူတွေကို ပြောခဲ့ပါတယ်။ ရှုံးနိမ့်သွားတဲ့ ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင် Pierre Poilievre ကလည်း ရှေ့ဆက်ပြီး ကနေဒါနိုင်ငံ သန်မာအားကောင်းစေဖို့ လစ်ဘရယ်ပါတီနဲ့ ဆက်ပြီး အလုပ်လုပ်သွားမယ်လို့ ပြောပါတယ်။**

လိုရင်းဖြစ်တဲ့ ကနေဒါရွေးကောက်ပွဲကို သုံးသပ်ကြည့်ရအောင်ပါ။ အခု ကနေဒါရွေးကောက်ပွဲမှာ အဓိက ယှဉ်ပြိုင်တဲ့ ပါတီကြီး နှစ်ခုက လစ်ဘရယ်ပါတီ (The Liberal Party) နဲ့ ကွန်ဆာဗေးတစ်ပါတီ (The Conservative Party) တို့ပဲ ဖြစ်ပါတယ်။ လက်ရှိ ကနေဒါ ဝန်ကြီးချုပ်က Mark Carney ဖြစ်ပြီး လစ်ဘရယ်ပါတီ ခေါင်းဆောင်လည်း ဖြစ်ပါတယ်။ အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်ကတော့ Pierre Poilievre ဖြစ်ပါတယ်။ အရင် လစ်ဘရယ်ပါတီခေါင်းဆောင်က ကနေဒါကို ၁၀ နှစ်နီးပါး အုပ်ချုပ်ခဲ့တဲ့ Justin Trudeau ဖြစ်ပြီး Mark Carney ဟာ Justin Trudeau နေရာကို ပြီးခဲ့တဲ့ မတ်လကမှ အစားထိုး တာဝန်ယူခဲ့သူ ဖြစ်ပါတယ်။ အခုရွေးကောက်ပွဲမှာ လစ်ဘရယ်နဲ့ ကွန်ဆာဗေးတစ်ပါတီတွေအပြင် The Bloc Quebecois တို့၊ The New Democratic Party တို့လို အခြားအရေးပါတဲ့ပါတီတွေလည်း ရှိပါသေးတယ်။

The Bloc Quebecois ပါတီဟာ ပြင်သစ်စကားပြော ကွီဘက်ပြည်နယ် (Quebec) ကနေဒါနိုင်ငံမှ ခွဲထွက်ဖို့ ကြိုးပမ်းတဲ့လှုပ်ရှားမှု (The Quebec Sovereignty Movement) ကို အားပေးထောက်ခံတဲ့ ပါတီတစ်ခုဖြစ်ပြီး ပါတီခေါင်းဆောင်က Yves-Francois Blanchet ဖြစ်ပါတယ်။ The New Democratic Party (NDP) ကတော့ ဆေးကုသခွင့်၊ အလုပ်သမားအခွင့်အရေး စတဲ့အရေးကိစ္စတွေမှာ လူသိများတဲ့ လက်ဝဲပါတီဖြစ်ပြီး ပါတီခေါင်းဆောင်က Jagmeet Singh ဖြစ်ပါတယ်။ ကနေဒါ ရွေးကောက်ပွဲစစ်တမ်းများမှာ လွန်ခဲ့တဲ့တစ်နှစ်လောက်က ကွန်ဆာဗေးတစ်ပါတီက ရှေ့ကပြေးနေခဲ့ပေမယ့် ၂၀၂၅ မှာ ထရမ့်တက်လာပြီး နောက်ပိုင်း ထရမ့်က ကနေဒါကို မျက်စောင်းထိုးလာတာကြောင့် ကနေဒါနိုင်ငံတစ်ဝန်း မျိုးချစ်စိတ်များထကြွကာ ထရမ့်နဲ့ နီးစပ်တယ်လို့ သတင်းဖြစ်တဲ့ ကွန်ဆာဗေးတစ်ပါတီဟာ ထောက်ခံမှု ကျဆင်းသွားပြီး ထရမ့်နဲ့ အဆင်မပြေတဲ့ လစ်ဘရယ်ပါတီက မဲစစ်တမ်းတွေမှာ ရှေ့ကိုသိသိသာသာ ပြန်ရောက်လာခဲ့ပါတယ်။ ဒါကြောင့် လေ့လာသူများက ရွေးကောက်ပွဲမှာ လစ်ဘရယ်ပါတီ အနိုင်ရမှာသေချာတယ်။ မေးခွန်းက ၃၄၃ နေရာရှိတဲ့ ပါလီမန်မှာ လစ်ဘရယ်ပါတီက လွတ်လွတ်ကျွတ်ကျွတ် နိုင်မှာလား၊ ဒါမှမဟုတ် The Bloc Quebecois လို၊ NDP လို ပါတီအငယ်တွေနဲ့ ညွန့်ပေါင်းဖွဲ့ရမလား ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အခုဆို အများခန့်မှန်းခဲ့တဲ့အတိုင်း လစ်ဘရယ်ပါတီဟာ ရွေးကောက်ပွဲ အနိုင်ရသွားပါပြီ။

ရွေးကောက်ပွဲအနိုင်ရတဲ့ လစ်ဘရယ်ပါတီခေါင်းဆောင် Mark Carney က အမျိုးသားညီညွတ်ရေးအတွက် နှိုးဆော်လိုက်ကာ ထရမ့်ဟာ ကနေဒါကို သွေးခွဲဖို့၊ အားနည်းစေဖို့ ကြိုးစားနေပြီး ကနေဒါအားနည်းမှသာ အမေရိကန်အနေနဲ့ ကနေဒါကို ပိုင်ဆိုင်နိုင်မှာဖြစ်တယ်။ ဒါဟာ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူးဆိုပြီး ပါတီထောက်ခံသူတွေကို ပြောခဲ့ပါတယ်။ ရှုံးနိမ့်သွားတဲ့ ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင် Pierre Poilievre ကလည်း ရှေ့ဆက်ပြီး ကနေဒါနိုင်ငံ သန်မာအားကောင်းစေဖို့ လစ်ဘရယ်ပါတီနဲ့ ဆက်ပြီး အလုပ်လုပ်သွားမယ်လို့ ပြောပါတယ်။ ရွေးကောက်ပွဲမှာ မရှုမလှအရေးနိမ့်ခဲ့တဲ့ NDP ပါတီခေါင်းဆောင်က Jagmeet Singh ကတော့ ပါတီခေါင်းဆောင်ရာထူးက နုတ်ထွက်သွားပါပြီ။ Mark Carney က ကနေဒါရဲ့ တည်ရှိမှုမှာ ပြင်သစ်စာနဲ့ ယဉ်ကျေးမှုဟာ အခရာကျတယ်။ တိုရွန်တိုမှာ နေသည်ဖြစ်စေ၊ ကွီဘက်မှာ နေသည်ဖြစ်စေ၊ ကျွန်တော်တို့ အစိုးရသစ်အနေနဲ့ ကနေဒါနိုင်ငံသားအားလုံးအတွက် အလုပ်လုပ်သွားပါမယ်ဆိုပြီး ဆိုလိုက်ပါတယ်။ တစ်ချိန်တည်းမှာ လာမယ့်အနာဂတ်မှာ ကနေဒါနိုင်ငံအတွက် စိန်ခေါ်မှုတွေ ကြီးကြီးမားမားရှိနေတာကိုလည်း အသိအမှတ်ပြု သတိပေးလိုက်ပါတယ်။

**စာမျက်နှာ ၇ သို့** ✯

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မန္တလေးမြို့ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(မန္တလေး) ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့တွင် မန္တလေးတိုင်း ဒေသကြီးရှိ ကွန်ပျူတာတက္ကသိုလ်(မန္တလေး) နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မန္တလေး)တို့သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြေငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကွန်ပျူတာတက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိကာ ပင်မဆောင် ထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဇွန်လဆန်းတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် စာသင်ခန်းများ၊ ကွန်ပျူတာခန်းများနှင့် လက်တွေ့ခန်းများ အဆင်သင့်ဖြစ်စေနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာသင်ခန်း လိုအပ်ချက်များနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစိုးရနည်းပညာ အထက်တန်းကျောင်း (မန္တလေး)ရှိ စာသင်ဆောင်များ၊ အလုပ်ရုံများတွင် သင်ကြားသင်ယူမှုများနှင့် စာတွေ့လက်တွေ့ ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး ဇွန်လဆန်းတွင် ကျောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် လမ်းညွှန်ချက်များနှင့် အညီ ပြင်ဆင်သွားကြရမည် ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသားကျောင်းသူအိပ်ဆောင်များကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



---

☆ စာမျက်နှာ ၆ မှ

**❝ အခုရွေးကောက်ပွဲနိုင်တဲ့ လစ်ဘရယ်ပါတီခေါင်းဆောင် Mark Carney ဟာ အရင်က ကနေဒါဘဏ် (Bank of Canada) နဲ့ အင်္ဂလန်ဘဏ် (Bank of England) တို့မှာ ဥက္ကဋ္ဌအဖြစ် ကာလတာရှည် တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ သူ့မှာ စီးပွားရေးအတွေ့အကြုံတွေ အများကြီးရှိပါတယ်။ အခု ကနေဒါနိုင်ငံ အဓိကရင်ဆိုင်နေရတာ နိုင်ငံရေး၊ စီးပွားရေး ရောယှက်နေတဲ့ အခြေအနေတွေပဲဖြစ်ပါတယ်။ အမေရိကန်ဘက်က အခွန်အကောက်တိုးမြှင့်တဲ့ကိစ္စ၊ ပြည်တွင်းစီးပွားရေးမသေချာမှု စတဲ့ စီးပွားရေးပြဿနာတွေအပြင် အမေရိကန်ဘက်က အချုပ်အခြာအာဏာကို ခြိမ်းခြောက်လာမှု၊ အမေရိကန်၊ ဥရောပနဲ့ တရုတ်အကြား နိုင်ငံခြားရေးမူဝါဒစတဲ့ နိုင်ငံရေးပြဿနာတွေဖြစ်ပါတယ်။ တစ်နည်း နိုင်ငံတကာဆက်ဆံရေးစကားနဲ့ပြောရင် နိုင်ငံရေးဘောဂဗေဒ (Political Economy) နဲ့ အများကြီးသက်ဆိုင်ပါတယ်။ ဘာပဲပြောပြော အရင်ကနေဒါဝန်ကြီးချုပ် ထရူးဒိုးကတော့ ကနေဒါ ပါလီမန်မှာရှိတဲ့ သူ့ထိုင်ခုံကို သူကိုယ်တိုင်သယ်မရင်း မျက်စိတစ်ဖက်ပိတ် လျှာထုတ်ပြလို့ စပ်ဖြဲဖြဲနဲ့ ကနေဒါနိုင်ငံရေးက ထွက်သွားပါပြီ။ အခုရွေးကောက်ပွဲနိုင်တဲ့ ဝန်ကြီးချုပ်အသစ် Mark Carney ကော ဘယ်လိုရှိပါမလဲ ❞**

အခုလို ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းအသစ်တွေ အစပြုနေချိန်၊ အိမ်နီးချင်း အမေရိကန်နိုင်ငံနဲ့ ဆက်ဆံရေးတင်းမာနေချိန်မှာ ကနေဒါအစိုးရသစ်အတွက် စိန်ခေါ်မှုတွေက ဘာများဖြစ်ပါမလဲ။ ကနေဒါအစိုးသစ်ဟာ အိမ်နီးချင်း အမေရိကန်သမ္မတ ထရမ့်နဲ့ ဆက်ဆံရေး တည်ဆောက်ရမှာ ဖြစ်သလို ဥရောပနဲ့လည်း ဆက်ဆံရေးထိန်းသိမ်းထားဖို့ လိုပါတယ်။ တရုတ်ကလည်း ကနေဒါကို ကမ်းလှမ်းနေပါတယ်။ အတူတူ အလုပ်လုပ်ကြရအောင်ပေါ့။ အမေရိကန်အနိုင်ကျင့်တာ မခံပါနဲ့ပေါ့။ ကနေဒါဟာ လစ်ဘရယ်နိုင်ငံစစ်စစ်ဖြစ်တာမို့ အမေရိကန်ရွေးမလား၊ တရုတ် ရွေးမလားဆိုတဲ့ မေးခွန်းကတော့ ဖြေစရာမဟုတ်ပါဘူး။ ကနေဒါဆိုတာ အမေရိကန်တို့၊ ဗြိတိန်တို့၊ ဩစတြေးလျတို့၊ နယူးဇီလန်တို့နဲ့ သွေးချင်းစကားပြောတဲ့ အင်္ဂလိပ်စကားပြော မဟာမိတ်နိုင်ငံများ (The Anglosphere) ဖြစ်ပါတယ်။ သူတို့အချင်းချင်း စိတ်ဆိုးလည်း ခဏပါ။ အမှန်က ကနေဒါက တရုတ်၊ အိန္ဒိယတို့နဲ့ အဆင်ပြေလှတာမဟုတ်ပါဘူး။ ကနေဒါဟာ ထိုင်ဝမ်ကျွန်းနဲ့ နီးကပ်တဲ့ဆက်ဆံရေးထားရှိပြီး ၂၀၁၈ ခုနှစ်မှာ ကနေဒါက အမေရိကန်က အလိုရှိနေတဲ့ တရုတ် အကြီးတန်းဟွာဝေး စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးကို ကနေဒါနိုင်ငံမှာ ဖမ်းဆီးထိန်းသိမ်းလို့ တရုတ်နဲ့ သံတမန်ရေး တင်းမာခဲ့ရပါတယ်။

၂၀၂၃ ခုနှစ်မှာ ကနေဒါမှာ ကနေဒါနိုင်ငံသား အိန္ဒိယ ဆစ်ခ် ခွဲထွက်ရေး ခေါင်းဆောင်တစ်ဦး လုပ်ကြံသတ်ဖြတ်ခံရမှုနဲ့ ပတ်သက်ပြီး အိန္ဒိယနဲ့ သံတမန်ရေး တင်းမာခဲ့ပြန်ပါတယ်။ မည်သို့ဆိုစေ၊ ကမ္ဘာ့အခင်းအကျင်းသစ်မှာ အမေရိကန်နဲ့ ခပ်တန်းတန်းဖြစ်နေတဲ့ ကနေဒါဟာ အခြားမိတ်ဖက်နိုင်ငံများကို ရှာဖွေရမှာဖြစ်လို့ အထူးသဖြင့် အာဏာပိုင် တရုတ်နဲ့ ဆက်ဆံရေးဟာ လစ်ဘရယ် ကနေဒါအစိုးရအတွက် စိန်ခေါ်မှုဖြစ်လာနိုင်ပါတယ်။

အရင် ကနေဒါဝန်ကြီးချုပ် ထရူးဒိုးဟာ ပြင်သစ်က သမ္မတမက်ခရွန်နဲ့အတူ အနောက်တိုင်းရဲ့ လစ်ဘရယ်မင်းသားများအဖြစ် ထင်ရှားပါတယ်။ ထင်ရှားတယ်ဆိုတာ ငယ်တယ်၊ ရုပ်ရည်ချောမောတယ်၊ ပညာတတ်တယ်၊ အထူးသဖြင့် လူ့အခွင့်အရေးကိစ္စတွေမှာ စွာတယ်ပေါ့။ အဲဒါကြောင့်လည်း ကနေဒါဟာ သူ့အိမ်နီးချင်း အမေရိကန် အဘိုးကြီး ထရမ့်နဲ့ အဆင်မပြေတာ ဖြစ်ပါတယ်။ အမှန်က ကနေဒါမှာ ပြဿနာတွေအများကြီး ရှိပါတယ်။ အခု တစ်နိုင်ငံလုံး လစ်ဘရယ်နေတယ်ဆိုပေမယ့် နိုင်ငံရေးဆိုတာ နေ့မြင်ညပျောက် ဖြစ်တတ်ပါတယ်။ အခု တက်လာတဲ့ ကနေဒါခေါင်းဆောင်ဟာ အကိုင်အတွယ် မတတ်ရင် ကနေဒါဟာ နိုင်ငံမပျောက်တောင် အစိတ်အပိုင်းတွေ ကွဲထွက်သွားနိုင်ပါတယ်။ ကနေဒါရဲ့ ကွီဘက်ပြည်နယ်ဟာ ကနေဒါနိုင်ငံက ခွဲထွက်ဖို့ ၁၉၈၀ ပြည့်နှစ်နဲ့ ၁၉၉၅ ခုနှစ်တွေမှာ လူထုဆန္ဒခံယူပွဲကတစ်ဆင့် ကြိုးစားခဲ့ဖူးပါတယ်။ မအောင်မြင်ခဲ့ပါဘူး။ ကနေဒါမှာ ကွီဘက်ကိစ္စဟာ နိုင်ငံရေးအရ အထိမခံတဲ့ကိစ္စဖြစ်ပါတယ်။ နောက်ပြီး ကနေဒါမှာ လူဝင်မှုအဆမတန် များပြားနေတာဖြစ်ပါတယ်။ အခုအချိန် ထရမ့် ရန်ကြောင့် ကျောကပ်နေရပေမယ့် တစ်ချိန်မှာ ပေါက်ကွဲလာနိုင်ပါတယ်။

အခုက ပြင်ပက ဝင်ရောက်သူတွေဟာ အမေရိကန်ဆီ ပြည်ဝင်ဖို့ မလွယ်တော့ ကနေဒါကို ရတဲ့ပုံစံနဲ့ ဝင်ရောက်လာနေကြပါတယ်။ အချို့လည်း ကနေဒါကတစ်ဆင့် အမေရိကန်ကို ကူးချင်ကြတာပါ။ ဟောင်ကောင်မှာလည်း တရုတ်အစိုးရက ဟောင်ကောင်လစ်ဘရယ်ပါတီကို တားဆီးပိတ်ပင်မှု အချို့ ပြုလာတာကြောင့် ဟောင်ကောင်သားအချို့ ကနေဒါဘက်ကို ထွက်ကြတယ်ဆိုပြီး သတင်းတွေမှာ ဖော်ပြပါတယ်။ ထိုင်ဝမ်(ကျွန်း)မှာလည်း ထိုင်ဝမ်နဲ့ တရုတ်နိုင်ငံဆက်ဆံရေးက အကဲဆတ်လှတာကြောင့် ထိုင်ဝမ်သားအချို့ ကနေဒါဘက် ရွှေ့ပြောင်းကြတယ်လို့ဆိုပါတယ်။ တရုတ်ပြည်မကြီးက ငွေကြေးချမ်းသာသူတွေ ပြည်ပမှာ အိမ်ဝယ်ရင် ကနေဒါမှာ အများဆုံးဝယ်တယ်လို့ သိရပါတယ်။ အိန္ဒိယမှာလည်း နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် နိုင်ငံသားအများအပြားဟာ ကနေဒါကို ဦးတည် ထွက်ခွာမှုတွေရှိနေပါတယ်။ ကနေဒါရွေးကောက်ပွဲမှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီစတဲ့ လစ်ဘရယ်တန်ဖိုးတွေ အလေးထားတဲ့ လစ်ဘရယ်ပါတီ အနိုင်ရခဲ့တာဟာ ကမ္ဘာတစ်လွှား ပြောင်းရွှေ့နေထိုင်လိုသူတွေအတွက် သတင်းကောင်းဖြစ်ပြီး အခုသူတို့ ကနေဒါကို ချီတက်ဖို့ မောင်းတင်နေကြပါပြီ။

နောက်ထပ် စိန်ခေါ်မှုတစ်ခုက ကနေဒါပြည်တွင်းကပဲဖြစ်ပါတယ်။ အဲဒါက ဌာနေတိုင်းရင်းသား (Indigenous groups in Canada) အရေးကိစ္စပါ။ ၂၀၀၁ ခုနှစ်မှာ ကနေဒါကျောင်းတစ်ခုမှာ ရာနဲ့ချီတဲ့ ဌာနေတိုင်းရင်းသားကလေးငယ် သင်္ချိုင်းဂူတွေ ရှာဖွေတွေ့ရှိခဲ့ပြီး ဒါဟာ ၁၈၈၀ ပြည့်လွန်နှစ်များနဲ့ ၁၉၀၀ ပြည့်လွန်နှစ်များကာလ ကနေဒါမှာ ဌာနေတိုင်းရင်းသားကလေးသူငယ် ၁၅၀၀၀၀ ကျော်ဟာ အတင်းအဓမ္မ သူတို့ရပ်ရွာ အသိုင်းအဝိုင်းများမှ ခေါ်ဆောင်ခြင်းခံရပြီး အစိုးရနဲ့ ခရစ်ယာန်ဘာသာရေး ကျောင်းတွေက ကြီးကြပ်တဲ့ကျောင်းတွေမှာ စာသင်ရတယ်၊ ခရစ်ယာန်ဘာသာကို သွတ်သွင်းခံရတယ်၊ သူတို့ရိုးရာ အစဉ်အလာတွေ အဖယ်ရှားခံရတယ်၊ ဒီကလေးငယ်အများအပြားဟာ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ အစော်ကားခံခဲ့ကြရတယ်၊ အဲဒီကာလ ကလေးငယ် ၆၀၀၀ ကျော် သေဆုံးခဲ့တယ်၊ အခုအမှတ်အသားမရှိတဲ့ ကလေးအုတ်ဂူတွေဟာ အဲဒီတုန်းက ပျောက်ဆုံးသွားတဲ့ အချို့ကလေးတွေဖြစ်တယ်ဆိုပြီး လူ့အခွင့်အရေးအစီရင်ခံစာတွေမှာ ဖော်ပြကြပါတယ်။

ဌာနေတိုင်းရင်းသား ထောက်ခံသူတွေကလည်း ကနေဒါအစိုးရကို တရားစွဲတာ၊ ချီတက်ဆန္ဒပြကြတာ၊ နောက်ဆုံး ကနေဒါကို တည်ထောင်တဲ့ အမှတ်အသားတွေ ဖျက်ဆီးတာ၊ ကနေဒါမှာရှိတဲ့ ဗစ်တိုးရီးယားဘုရင်မကြီးရုပ်တု (Statue of Queen Victoria) နဲ့ အယ်လိဇဘက် ဘုရင်မကြီး (၂) ရုပ်တု (Statue of Queen Elizabeth II ) တွေကို စီးနင်းဖြိုချပစ်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ လူ့အခွင့်အရေး ဦးစားပေးမယ့် အခုလစ်ဘရယ်အစိုးရသစ်ဟာ မပြီးပြတ်သေးဘဲ အရှိုးတွန်နေတဲ့ ဌာနေတိုင်းရင်းသား ကလေးငယ်များ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီးကို ဘယ်လိုကိုင်တွယ် ကုစားမလဲဆိုတာကလည်း စိတ်ဝင်စားစရာကောင်းလှပါတယ်။

လေ့လာသူတွေက အရင် ကနေဒါဝန်ကြီးချုပ် ထရူးဒိုးဟာ ကနေဒါကို ၁၀ နှစ်နီးပါး အုပ်ချုပ်သွားပေမယ့် ပြည်တွင်းရေးမှာ ဒီလောက်မစွံဘူး။ သို့သော် ကနေဒါပုံရိပ်ကို နိုင်ငံတကာမှာ မြှင့်တင်တဲ့နေရာမှာ တော်တယ်။ ယူကရိန်းကိစ္စမှာလည်း ယူကရိန်းဘက်က တက်တက်ကြွကြွပါခဲ့တယ်။ တရုတ်နဲ့ ကိစ္စမှာလည်း မဟာအင်အားကြီး တရုတ်ကို အာခံပြတယ်ပေါ့။ အိန္ဒိယနဲ့ကိစ္စမှာလည်း ကိုယ့်နိုင်ငံသားကို အကာအကွယ်ပေးတယ်ပေါ့။ နောက်ဆုံး ထရမ့်ကိုတောင် ဦးမညွတ်ဘူးပေါ့။ တစ်ဖက်မှာတော့ နိုင်ငံတွင်းမှာ တရားမဝင်လူဝင်မှုတွေ များလာတယ်။ ရာဇဝတ်မှုခင်းတွေ များလာတယ်။ နယ်စပ်ဖြတ်ကျော်မှုတွေ မတားဆီးနိုင်ဘူး။ အိမ်ရာနေထိုင်ခတွေ မြင့်တက်လာတယ်။ ကနေဒါစီးပွားရေးကို လူမျိုးခြားတွေက လွှမ်းမိုးလာတယ် စသဖြင့် ဝေဖန်ကြပါတယ်။

အခုရွေးကောက်ပွဲနိုင်တဲ့ လစ်ဘရယ်ပါတီခေါင်းဆောင် Mark Carney ဟာ အရင်က ကနေဒါဘဏ် (Bank of Canada) နဲ့ အင်္ဂလန်ဘဏ် (Bank of England) တို့မှာ ဥက္ကဋ္ဌအဖြစ် ကာလတာရှည် တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ သူ့မှာ စီးပွားရေးအတွေ့အကြုံတွေ အများကြီးရှိပါတယ်။ အခုကနေဒါနိုင်ငံ အဓိကရင်ဆိုင်နေရတာ နိုင်ငံရေး၊ စီးပွားရေး ရောယှက်နေတဲ့ အခြေအနေတွေပဲဖြစ်ပါတယ်။ အမေရိကန်ဘက်က အခွန်အကောက်တိုးမြှင့်တဲ့ကိစ္စ၊ ပြည်တွင်းစီးပွားရေး မသေချာမှုစတဲ့စီးပွားရေး ပြဿနာတွေအပြင် အမေရိကန်ဘက်က အချုပ်အခြာအာဏာကို ခြိမ်းခြောက်လာမှု၊ အမေရိကန်၊ ဥရောပနဲ့ တရုတ်အကြား နိုင်ငံခြားရေးမူဝါဒစတဲ့ နိုင်ငံရေး ပြဿနာတွေ ဖြစ်ပါတယ်။ တစ်နည်း နိုင်ငံတကာ ဆက်ဆံရေးစကားနဲ့ပြောရင် နိုင်ငံရေးဘောဂဗေဒ (Political Economy)နဲ့ အများကြီးသက်ဆိုင်ပါတယ်။

ဘာပဲပြောပြော အရင်ကနေဒါဝန်ကြီးချုပ် ထရူးဒိုးကတော့ ကနေဒါ ပါလီမန်မှာရှိတဲ့ သူ့ထိုင်ခုံကို သူကိုယ်တိုင် သယ်မရင်း မျက်စိတစ်ဖက်ပိတ် လျှာထုတ်ပြလို့ စပ်ဖြဲဖြဲနဲ့ ကနေဒါနိုင်ငံရေးက ထွက်သွားပါပြီ။ အခုရွေးကောက်ပွဲနိုင်တဲ့ ဝန်ကြီးချုပ်အသစ် Mark Carney ကော ဘယ်လိုရှိပါမလဲ။ လျှာပဲ ထုတ်ပြနိုင်မလား၊ လျှာပဲထွက်ကျမလား၊ မကြာသောကာလများမှာ အဖြေပေးပါလိမ့်မယ်။ ။

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော်   မေ   ၅**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့်နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပစေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဧပြီ ၂၁ ရက်မှ ၂၇ ရက်အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ယခုအခါ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ ရက်သတ္တပတ်အတွင်း အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ထပ်မံပေးပို့လှူဒါန်းလာသော မိုးကာတဲ၊ Sleeping Bags၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန) သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်ပစ္စည်းများကို နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့သို့ ဘေးသင့်လူဦးရေအချိုးအစား အပေါ်မူတည်၍ ဖြန့်ခွဲပေးပို့လျက်ရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းမည့် ဒီဇယ်ဆီ တန် ၃၀၀၀၀၊ ဓာတ်ဆီ တန် ၂၀၀၀၀၊ ယာယီနေအိမ်အဖြစ်အသုံးပြုရန် Prefabricated House အလုံး ၄၅၀၀ နှင့် ယာယီရုံးအဖြစ်အသုံးပြုရန် Prefabricated Office အလုံး ၅၀၀ တို့အနက် မေ ၂ ရက်တွင် ဒီဇယ်ဆီ တန် ၁၈၀၀၀ နှင့် Prefabricated Office အလုံး ၃၄၀ သည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ ဒီဇယ်ဆီ တန် ၁၈၀၀၀ ကို ရန်ကုန်မြို့ သီလဝါ Terminal တွင် ခေတ္တထိန်းသိမ်းထားရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။

**စာမျက်နှာ ၉ သို့ ☆**




တရုတ်နိုင်ငံမှလှူဒါန်းသည့် Prefabricated House များ ရန်ကုန်ဆိပ်ကမ်းတွင် လွှဲပြောင်း၊ လက်ခံမှု မှတ်တမ်းဓာတ်ပုံ။




နိုင်ငံတကာမှလှူဒါန်းသည့်ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



တရုတ်နိုင်ငံမှထောက်ပံ့ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



တရုတ်နိုင်ငံမှလှူဒါန်းသည့် ဒီဇယ်ဆီ တန် ၁၈၀၀၀ လွှဲပြောင်း၊ လက်ခံမှု မှတ်တမ်းဓာတ်ပုံ။




အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံမှထောက်ပံ့ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



တရုတ်နိုင်ငံမှလှူဒါန်းသည့် Prefabricated House များ ရန်ကုန်ဆိပ်ကမ်းမှ နေပြည်တော်သို့ မီးရထားဖြင့်သယ်ဆောင်သည့် မှတ်တမ်းဓာတ်ပုံ။



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။




မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲမှု မှတ်တမ်းဓာတ်ပုံ။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲမှု မှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ်အတွင်း နိုင်ငံတကာမှ လှူဒါန်းသည့် မိုးကာတဲများ စီစဉ်ဆောင်ရွက်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။

☆ စာမျက်နှာ ၈ မှ

Prefabricated Office အလုံး ၃၄၀ ကို မေ ၄ ရက်တွင် နေပြည်တော်သို့ မြန်မာ့မီးရထားဖြင့် သယ်ဆောင်လျက်ရှိရာ ရောက်ရှိပါက ဝန်ကြီးဌာန အသီးသီးသို့ ဖြန့်ခွဲ၍ ယာယီရုံးခန်းများအဖြစ် အသုံးပြုကာ ဌာန၊ အဖွဲ့အစည်းအလိုက် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ရက်သတ္တပတ်အတွင်း လက်ခံရရှိသော လှူဒါန်းပစ္စည်းများ ခွဲဝေထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများအား နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း ခွဲဝေထောက်ပံ့ဆောင်ရွက်ပေးခဲ့သည်။

ငလျင်လှုပ်ခတ်ခဲ့သည့် မတ် ၂၈ ရက်မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှုစုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၅၆ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၈ စီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မော်တော်ယာဉ် ရှစ်စီးဖြစ်သည်။

**ဆက်လက်ထုတ်ပြန်**

နိုင်ငံတကာအလှူရှင်များက ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ ရက်သတ္တပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့်ပစ္စည်းများ ရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင် တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၅၃၃၁ | ၂၇၉၅ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၁၈ | ၅၃၇၈ | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | ၄၂၅ | ၁၀ | ၄၁၅ | - | - | - | - | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၀၀၁ | ၄ | ၂၅ | ၁၄၉၇ | - | ၃၂၄ | ၁၅၁ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချုပ် | ၂၃၉၀ | - | ၁၅၆ | ၁၂ | | ၆၁၈ | ၁၆၀၄ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၅၆ | ၃၄ | ၉၇ | ၂၃ | ၂ | - | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၀၀ | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၅၈ | ၄ | ၇ | - | ၁၃ | |
| ၈ | စားသောက်ကုန်ပစ္စည်း မျိုးစုံ | မျိုး | ၇၆ | ၁၈ | ၃၈ | ၁၈ | ၂ | - | - | |
| | | ဖာ | ၁၃၀၀၀ | ၇၀၁၂ | ၄၇၆၀ | ၁၁၀၃ | ၁၂၃ | - | ၂ | |
| | | အိတ် | ၂၅၀ | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကဒ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၆၅ | ၁၉ | ၃၁ | ၆ | ၇ | - | ၂ | |
| | | ဖာ | ၃၅၅၄ | ၆၃၉ | ၁၉၃၆ | ၉၁၇ | ၆၂ | - | - | |
| | | ထုပ် | ၁၄၅၁ | ၅၃၇ | ၈၁၂ | ၅၈ | ၄၄ | - | - | |
| | | ခု | ၂၂၀ | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၆ | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၉ | ၃ | ၄ | ၂ | - | - | - | |
| | | စုံ | ၂၀၀၀ | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၂ | - | ၁ | - | ၂ | |
| | | ဖာ | ၃၁၀ | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | ၆၅၆ | ၁ | ၈ | - | ၂ | ၆၄၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၅၈၈ | ၂၆ | - | - | - | ၁၅၆၂ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |

အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု
(၂၈-၄-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | | | |
| ၁ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | ဖာ | ၇ | - | - | - | ၇ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု
(၂၈-၄-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၁၅၀ | - | - | - | - | - | ၁၁၅၀ | လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ဖြန့်ခွဲထောက်ပံ့ပါမည်။ |
| ၂ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | ၇ | – | – | – | – | ၇ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

ဘေးသင့်ပြည်သူများအတွက် မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
(၂၈-၄-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | |
| ၁ | Sleeping Beds | ဖာ | ၂၇ | ၁၂ | - | - | ၂ | ၁၃ | လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ဖြန့်ခွဲထောက်ပံ့ပါမည်။ |
| ၂ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၅ | ၁ | - | - | ၂ | ၂ | |
| ၃ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၅ | ၂ | - | - | ၁ | ၂ | |
| ၄ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၆ | ၁ | - | - | ၃ | ၂ | |
| ၅ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | ၁ | ၁ | - | - | - | - | |

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မိခိုမိသားစုများရေမီးပြည့်စုံစွာဖြင့် အဆင်ပြေလုံခြုံစွာနေထိုင်နိုင်ရန်အတွက် စီမံဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မိခိုမိသားစုများ ရေမီးပြည့်စုံစွာဖြင့် အဆင်ပြေလုံခြုံစွာ နေထိုင်နိုင်ရန်အတွက် အဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ်ရှိ နေပြည်တော် ဗဟိုသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဝင်းအတွင်းရှိ မြေနေရာလွတ်များတွင် ဝန်ကြီးဌာနရှိ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မိခိုမိသားစုများ ရေမီးပြည့်စုံစွာဖြင့် အဆင်ပြေလုံခြုံစွာ နေထိုင်နိုင်ရန်အတွက် ပေ (၂၀ x ၁၂၀) အရွယ်အစားရှိ Modular (prefabricated) house နှစ်ထပ်အဆောက်အအုံ ၁၀ လုံး တည်ဆောက်နိုင်ရန် စက်ယန္တရားကြီးများဖြင့် မြေနေရာပြုပြင်၍ မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မြေသိပ်သည်းမှုရရှိရန် ဆောင်ရွက်နေမှု၊ ဖောင်ဒေးရှင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ လမ်းမီးတိုင်များ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရေရရှိရေး၊ မီးဖိုဆောင်နှင့်သန့်စင်ခန်းများ တည်ဆောက်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးနှင့် မိုးမကျမီ အမိုးအကာအောက် ရောက်ရှိနေရာချထားနိုင်ရေး စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အပြာရောင်အဆင့်သတ်မှတ်ထားသော သဇင်(၄) အပျိုဆောင် (၁၁)၊(၁၂)(၁၃)(၁၄) အဆောက်အအုံများအတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံနံရံများနှင့် မျက်နှာကြက်များကို ပြန်လည်ပြုပြင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ရေ၊ မီး၊ မိလ္လာ အဆင်ပြေစွာဖြင့် သုံးစွဲနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေတို့ကို အဆောင်တစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြုပြင်ပြင်ဆင်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးနှင့် ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဝင်းနှင့် အမှတ်(၁)တည်ဆောက်ရေးဝင်းတို့သို့သွားရောက်၍ ဓမ္မာရုံများအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မိခိုမိသားစုများ ယာယီပြောင်းရွှေ့နေရာချထားမှု၊ နေထိုင်စားသောက်မှု အခြေအနေတို့ကိုလည်းကောင်း၊ အဆောက်အအုံများအတွင်း အခန်းများ ပြင်ဆင်ဖွဲ့စည်းထားရှိမှု၊ ရေ၊ မီး၊ မိလ္လာ အဆင်ပြေစွာ သုံးစွဲနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ စနစ်တကျနေရာချထားနိုင်ရေး စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## မန္တလေးငလျင်ကြီး ဘေးသင့်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၅**

အင်အားပြင်း မန္တလေးငလျင်ကြီး ဘေးသင့်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မုန်းဝန်းဗမာတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသီဟလွင် ဦးဆောင်သည့်အဖွဲ့ဝင်များက ငွေကျပ် သိန်း ၂၀၀ ကို ယနေ့ညနေပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးငလျင်ဒဏ်ခံစားခဲ့ရသည့် အင်းလေးဒေသသို့ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ အလှူငွေများလှူဒါန်း

**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ၊ ရှမ်းတောင်ဇုန် ဥက္ကဋ္ဌ ဦးမျိုးမင်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် မန္တလေးငလျင်ဒဏ်ခံစားခဲ့ရသည့်အင်းလေးဒေသသို့သွားရောက်၍ အဆောက်အအုံများ ပြိုကျပျက်စီးမှုအခြေအနေများကို ကြည့်ရှုလေ့လာပြီး အားပေးစကားပြောကြားကာ ငလျင်ဘေးအန္တရာယ်ကြောင့် ပျက်စီးယိုယွင်းသွားသောအင်းလေးဒေသအတွင်းရှိ ဘုန်းကြီးကျောင်းများ၊ ငလျင်ဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်က ဧပြီလအတွင်းကအလှူငွေများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့သည်။ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရှမ်းတောင်ဇုန်)သို့မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)မှလည်း အလှူငွေနှင့် ရေသန့်ကတ်တို့ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်ကလှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေ ၅ ရက်အထိသေဆုံးသူ ၃၇၈၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၈၈ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေ ကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၂ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ငလျင်ဘေးသင့် ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက် ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မေ ၄ ရက် ညနေ ၅ နာရီမှ မေ ၅ ရက် ညနေ ၅ နာရီအတွင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှတစ်ဆင့် Japanese Red Cross Society က လှူဒါန်းသည့်ဆေးနှင့် ဆက်စပ်ပစ္စည်းများ ၂ ဒသမ ၆၂၅ တန် ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေး ပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ထားဝယ်မြို့နယ် ဌာနပေါင်းစုံငွေစုငွေချေးသမဝါယမ အသင်းလီမိတက်က ထောက်ပံ့ငွေများထုတ်ပေး

**ထားဝယ် မေ ၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဌာနပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးသမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမဦးစီးဌာနတို့မှ အသင်းသားများနှင့် ကျန်ဌာနပေါင်းစုံ ၂၀ မှ အသင်းသားများတက်ရောက်ကြသည်။ အဆိုပါအရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းမှ အသင်းသား ၂၄၈ ဦးအား စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှအထောက်အကူပြုစေရန် စုဆောင်းငွေပေါ်အတိုးငွေ ၁၅၇၀၉၁၇၂ ကျပ်၊ အစုပေါ်အမြတ်ငွေ ၇၉၄၈၅၉ ကျပ်နှင့် ထောက်ပံ့ငွေကျပ် ၄၂၈၀၀၀၀ စုစုပေါင်းငွေ ၂၀၇၈၄၀၃၁ ကျပ် ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သဘာဝဘေးဒဏ်ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပြန်လည်သင်ကြားပေးခြင်းကို ကြိုးစားသင်ယူကြစေလို

**နေပြည်တော် မေ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် ဘာသာရပ်ဆိုင်ရာ အနီးကပ်သင်ယူနေမှုများကို လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များကို မှာကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ သွားရောက်၍ တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများနှင့် အခြေခံပညာဆရာ ဆရာမများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပို့ချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး သင်တန်းတွင် ပါမောက္ခ၊ ဆရာ ဆရာမများနှင့် အခြေခံပညာဆရာ ဆရာမများ၏ အမှတ်ပေးစည်းမျဉ်းနှင့်အညီ စနစ်တကျသင်ကြားပေးနေသည်ဖြစ်၍ မိမိတို့ကလည်း စနစ်တကျအလေးထားမှတ်သား၍ သင်ယူကြစေလိုပါကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာသည့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရသည့်အခြေအနေကို အခက်အခဲဟုမတွေးဘဲ ကြိုးစားသင်ယူကြစေလိုပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ မကျန်ရှိရလေအောင် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်းဥပမိရပ်ကောင်းမွန်ရေး၊ ရေ၊ မီးရရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော သန့်စင်ခန်းများ ဖြစ်စေရေး မှာကြားသည်။

ထို့နောက် သင်ကြားပေးကြသည့် တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများ၊ အခြေခံပညာ ဆရာ ဆရာမများနှင့် သင်တန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီကြသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့သည် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန် ဘာသာရပ်ဆိုင်ရာ အနီးကပ်သင်တန်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး မန္တလေးငလျင်ဒဏ်ကြောင့် ဝန်ထမ်းမိသားစုများ ဘာရှာအဆောက်အအုံအတွင်း ယာယီပြောင်းရွှေ့နေထိုင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၅**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်း၌ မန္တလေးငလျင်ဒဏ်ကြောင့် ပြည်ထောင်စုဝန်ကြီးရုံး ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ဆောက်လုပ်ပြီးစီးခဲ့သည့် ဘာရှာ အဆောက်အအုံသို့ ပြောင်းရွှေ့ နေထိုင်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာ အတွင်းရှိ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာဝန်းကျင်၌ ကိုယ်စီ ဆောက်လုပ်ပေးထားသော ဘာရှာ အဆောက်အအုံများတွင် ဝန်ထမ်းများ မိသားစုအလိုက် နေထိုင်မှု၊ လျှပ်စစ်မီး သွယ်တန်းထားရှိမှု၊ သုံးရေ သွယ်တန်းထားရှိမှု၊ ရေချိုးခန်းနှင့် သန့်စင်ခန်း တည်ဆောက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများကို အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်မှ ပေးအပ်မည့် Container Houseများ ရရှိပါက တည်ဆောက်ထားရှိရန် ရွေးချယ်ထားသည့် နေရာများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိကြရန် မှာကြားသည်။



ညနေပိုင်းတွင် နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)၌ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ယာယီ ပြောင်းရွှေ့ နေထိုင်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေး စကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ ငါးခြောက်၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၃၆ ရက်နေ့မြောက်အဖြစ် ဈေးကား ၁၀ စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



မတ် ၃၀ ရက်မှ မေ ၅ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော် ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံ ဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိ ဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိ ရပ်ကွက်အိမ်ရာ၊ ဥဘာသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တပ်ကုန်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေး ကော်မတီနှင့် မြန်မာ့စီးပွားရေးဘဏ်၊ ပုဗ္ဗသီရိမြို့နယ် ကျန်းမာရေးဝန်ကြီးဌာန၊ ပုဗ္ဗသီရိခရိုင်တရားရုံး၊ အကျဉ်းဦးစီးဌာန-၂(ကင်းသာ)၊ ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စုပေါင်းရုံးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးအမှတ်-၈)၊ အထူးရဲတပ်ဖွဲ့ရုံး၊ သာသနာရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အမျိုးသားပြတိုက်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ရှိ ဝန်ထမ်းများနှင့် ပြည်သူများအား ဆန် ခြောက်ပြည်ပါ (မနောသုခ- Export Quality) ၁၀၃၄၆ အိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၄၂၁ အိတ်၊ ဆီ ပိသာ ၃၇၅၃၀၊ ဆား ၁၆၈၃ ပိသာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၅၇၀၄ ထုပ်၊ ငါးပိ ၃၆၁ ပိသာ၊ အမဲသား ၂၅ ပိသာ၊ ကြက်အကောင် ၂၅၀၊ ဝက်သား ပိသာ ၂၀၊ ကြက်ဥအလုံး ၁၇၈၉၀၊ ဘဲဥ ၇၁၁၅ လုံး၊ ငုံးဥ အလုံး ၂၀၀၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပုံခြောက်များ၊ ငါးကြင်း ပိသာ ၉၀ ၊ ငါးတန် ပိသာ ၉၀၊ ငါးမုတ် ပိသာ ၇၀၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့် မုန်ညင်းဖြူ စသည့်ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့်နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသား ပိသာ ၃၀၀၊ ဆိတ်သား ပိသာ ၁၀၀၊ ကြက်သားအကောင် ၂၀၀၊ ဝက်သား ပိသာ ၁၀၀၊ ငါးမြစ်ချင်း ပိသာ ၁၀၀ တို့အား ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့်ပြည်သူများသို့ ယနေ့မှစ၍ အပတ်စဉ် တနင်္လာနေ့တိုင်း အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်းစသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းနှင့် ပြည်သူများသို့ ဈေးကားကြီး(အရောင်းယာဉ်)ဖြင့် ယနေ့မှစ၍သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၁၉ အိတ်၊ စားအုန်းဆီ ၄၉၈၃ ပိသာ၊ ဆား ၈၂ ပိသာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၄၀၉ ဘူး၊ ငါးပိ ၂၇ ပိသာ၊ ကြက်သွန်နီ ၅၈၃ ပိသာ၊ အသားတု ပိသာ ၃၀ ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) အိတ် ၆၆၀၊ စားအုန်းဆီ ပိသာ ၆၆၀၀၀၊ ဆား ၅၇ ပိသာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၉၄ ထုပ်၊ ငါးပိ ၂၂ ပိသာ၊ ငါးနီတူခြောက်၊ အာပုံခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ကော်မရှင်လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိရာတွင် ကော်မရှင်၏ ဆောင်ရွက်ချက်များကို ပြည်သူအများ သိရှိနိုင်ကြစေရန်အတွက် ၂၀၁၁ ခုနှစ်မှ စတင်၍ နှစ်ပတ်လည် အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ် အစီရင်ခံစာကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ၂၀၂၅ ခုနှစ် မတ်လတွင် ပုံနှိပ်ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီရင်ခံစာကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ website ဖြစ်သည့် http://mnhrc.org.mm တွင် လွှင့်တင်ဖော်ပြထားပါသည်။

၂။ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင် ပညာပေးရေးလုပ်ငန်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ၊ ဥပဒေရေးရာ ဆောင်ရွက်ချက်များနှင့် ကော်မရှင်ရုံးမှ ဌာန (၆)ခု ဆောင်ရွက်ချက်များ ပါဝင်ပါသည်။ ကော်မရှင်၏ ၂၀၂၄ ခုနှစ်အတွင်း လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေး ဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးသင်ခန်းစာပို့ချမှု အကြိမ်(၇၀)၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တိုင်းရင်းသားဘာသာ (၉)မျိုး ပြန်ဆိုပုံနှိပ်ထုတ်ဝေခြင်း၊ သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ ကော်မရှင်၏ ဆောင်ရွက်ချက်များကို e-newsletter ထုတ်ဝေခြင်းများ ပါဝင်ပါသည်။ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများတွင် တိုင်တန်းစာများ စုံစမ်းစစ်ဆေးခြင်း၊ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများ အပါအဝင် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း (၅၅)ခု၊ လူငယ်သင်တန်းကျောင်း (၈)ခု၊ မသန်စွမ်းကျောင်း (၁)ခု၊ ဘိုးဘွားရိပ်သာ (၁၀)ခု တို့သို့ သွားရောက်စစ်ဆေးခဲ့ခြင်းနှင့် တွေ့ရှိချက်များအပေါ် အကြံပြုချက် စုစုပေါင်း (၃၁၄)ချက်ကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်းတို့ ပါဝင်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဝေဖန်အကြံပြုလိုပါက ကော်မရှင်ရုံး အမှတ်(၂၇)၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ အီးမေးလ် info@mnhrc.org.mm သို့ လည်းကောင်း ပေးပို့နိုင်ပါသည်။






## မြဝတီမြို့၌ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**မြဝတီ မေ ၅**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၁၀ နာရီတွင် မြဝတီခရိုင် မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ဘုရားကြီးကျောင်းတိုက်မှ သံဃာတော်ငါးပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို မြဝတီခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးမင်းဇော် ဦးဆောင်ပြီး ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် မိသားစုဝင်များက သံဃာတော်များအား နေ့ဆွမ်း၊ ဘောဇဉ်နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား မီးသတ်ဦးစီးဌာနက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များကို Video Clip ဖြင့်ပြသခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်

**ထားဝယ် မေ ၅**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဖိတ်ကြားထားသူများက လျှင်ကြောင့် ဆုံးပါးသွားသူများအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် မတ်တပ်ရပ်၍ တစ်မိနစ် ငြိမ်သက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ယနေ့သည် မီးဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ် အမျိုးမျိုးကနေ ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ပြီး သမိုင်းဂုဏ်ဒြပ် အစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့သော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဖြစ်ကြောင်း၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ပွားခဲ့သည့် ဒေသများတွင် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လမ်းညွှန်မှုများနှင့်အညီ မီးသတ်ဦးစီးဌာန၏ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများ ကနဦးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်နှင့် အရေးပေါ် ဆေးဘက်ဆိုင်ရာ အကူအညီများပေးအပ်နိုင်ရန် နိုင်ငံတကာက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရေးအတွက် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးဆိုင်ရာအဖွဲ့များနှင့် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ခေတ်စနစ်နှင့်အညီ မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ကြိုးပမ်းလေ့လာ ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း ပြောကြားသည်။




ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြုဗီဒီယိုမှတ်တမ်းအားကြည့်ရှုအားပေးပြီး စံပြထူးချွန်ဆု၊ ထူးချွန်ဆု၊ စံပြမီးသတ်စခန်းဆုနှင့် ဝတ်စုံများချီးမြှင့်ကာ ခန်းမအတွင်း ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

### ❂ လီဗာပူးအသင်းမှ

ချယ်လ်ဆီးအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက လီဗာပူးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းဟာ ပထမပိုင်းပွဲကစားချိန် သုံးမိနစ်မှာ အန်ဇိုဖာနန်ဒက်ဇ်က တစ်ဂိုး၊ ၅၆ မိနစ်မှာ လီဗာပူးကစားသမား ကွန်ဆာရဲ့ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ခဲ့တဲ့ သွင်းဂိုးနဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ခြောက်မိနစ်မှာရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုး ပယ်လ်မာက အမှားယွင်းမရှိ ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၈၅ မိနစ်မှာ နောက်ခံကစားသမား ဗန်ဒိုက်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၃၅)ယှဉ်ပြိုင် ကစားပြီးချိန်မှာ ရမှတ် ၆၃ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၅)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

လက်ရှိ ပရီမီယာလိဂ်ပြိုင်ပွဲမှာ လီဗာပူးအသင်းကတော့ ချန်ပီယံဖြစ်ထားခဲ့တာကြောင့် လာမယ့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိနေပြီဖြစ်ပေမယ့် အာဆင်နယ်အသင်း၊ မန်စီးတီးအသင်း၊ နယူးကာဆယ်အသင်း၊ ချယ်လ်ဆီးအသင်း၊ နော်တင်ဟမ်ဖောရက်စ်အသင်း စတဲ့အသင်းတွေကတော့ လာမယ့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ လက်ကျန်ပွဲစဉ်တွေမှာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားရဦးမှာလည်း ဖြစ်ပါတယ်။ **ငွေကြေယ်**

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းများ ဖွင့်လှစ်



နေပြည်တော် မေ ၅

နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများ နွေရာသီတွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံပြီး လူတော်လူကောင်းများ ဖြစ်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား သင်တန်းသူ ၉၀၀ ဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းကို သင်တန်းသား သင်တန်းသူ ၆၁၈ ဦးဖြင့်လည်းကောင်း မေ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့နယ်၌ သစ်စိမ်းမြေဩဇာကြဲပက်ပွဲ ကျင်းပ

ညောင်လေးပင် မေ ၅

မိုးရာသီသစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ၈၅ ဧက ကြဲပက်ခြင်းကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာ ကွင်းအမှတ်(၃၄၆-က)ရှိတောင်သူဦးဝင်းဌေးပါတောင်သူကိုးဦး၏ လယ်မြေတွင် ဆောင်ရွက်ကြသည်။

သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကြဲပက်ပွဲ အခမ်းအနားတွင် ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်က သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စိုက်ပျိုးရခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) များကို တောင်သူများနှင့်အတူ ကြဲပက်ပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**





# ညောင်ဦးခရိုင်၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ

ညောင်ဦး မေ ၅

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားသည်။ ထို့နောက် ခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးဌာနသို့ ကူညီပံ့ပိုးခဲ့ကြသော တာဝန်ရှိသူများ၊ အငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင်များ၊ မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**

# ဟသ်ာတမြို့နယ်၌ သစ်စိမ်းမြေဩဇာ မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲ ပြုလုပ်

ဟသ်ာတ မေ ၅

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကံလှကျေးရွာရှိ တောင်သူဦးကျော်စိုးပိုင် လယ်မြေခြောက်ဧက၌ မိုးစပါးရာသီတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ အတွင်းရေးမှူး ဦးသော်ဇင်မောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ စုစုပေါင်းအင်အား ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တရုတ်သမ္မတ ရှီကျင့်ဖျင် ရုရှားနိုင်ငံသို့ သွားရောက်မည်

ပေကျင်း မေ ၅

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ မေ ၇ ရက်မှ ၁၀ ရက်အထိ ရုရှားနိုင်ငံသို့နိုင်ငံတော်အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ပြီး ရုရှားနိုင်ငံ မော်စကိုမြို့တွင်ကျင်းပမည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယမန်နေ့တွင်ပြောကြားခဲ့သည်။

သမ္မတရှီနှင့် သမ္မတပူတင်တို့သည် ခေတ်သစ်တွင် တရုတ်-ရုရှားဆက်ဆံရေးကို ရှေ့ဆက်လျှောက်လှမ်းရန် လမ်းပြညွှန်ကြားခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး၏ ထာဝရအိမ်နီးချင်းကောင်းစိတ်ဓာတ်နှင့် ချစ်ကြည်ရင်းနှီးမှုဘက်စုံဗျူဟာမြောက် ညှိနှိုင်းဆောင်ရွက်မှုအပါအဝင် အပြန်အလှန်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အကောင်အထည်ဖော်ပြသနိုင်ခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

လာမည့် နိုင်ငံတော်ခရီးစဉ်အတွင်း တရုတ်-ရုရှားဆက်ဆံရေးအခြေအနေများနှင့် နိုင်ငံတကာနှင့်ဒေသတွင်း အဓိကအရေးကိစ္စများနှင့်ပတ်သက်၍ သမ္မတရှီသည် သမ္မတပူတင်နှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

"သမ္မတနှစ်ဦးကြား ယခုတွေ့ဆုံမှုတွင် ရရှိလာမည့် အရေးကြီးသော ဘုံနားလည်မှုများသည် နှစ်နိုင်ငံအကြား နိုင်ငံရေးအရ အပြန်အလှန် ယုံကြည်မှုကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်ကာ မဟာဗျူဟာမြောက် ညှိနှိုင်းဆောင်ရွက်မှုအရ ကဏ္ဍစုံတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများအတွက် အကျိုးရှိပြီး နိုင်ငံတကာအသိုက်အဝန်းအတွက် တည်ငြိမ်မှုနှင့် အပြုသဘောဆောင်သော စွမ်းအင်များ ပံ့ပိုးပေးမည်ဟုယုံကြည်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် သမ္မတ ပူတင်တို့သည် သမိုင်းကြောင်းကို အတူတကွ အမှတ်ရရန်၊ အာဇာနည်များကို ဂုဏ်ပြုရန်၊ ဒုတိယကမ္ဘာစစ်သမိုင်းအပေါ် မှန်ကန်သောအမြင်ကို ရှုမြင်ရေးနှင့် စစ်ပွဲအတွင်းရရှိခဲ့သည့် အောင်ပွဲကို ထိန်းသိမ်းရန် အပါအဝင် စစ်ပြီးခေတ်နိုင်ငံတကာစည်းမျဉ်းစည်းကမ်းကို ကာကွယ်ရန်နှင့် နိုင်ငံတကာ တရားမျှတမှုကို လက်ကိုင်ထားရန် မကြာမီကသဘောတူညီခဲ့ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံက ဆန်တင်ပို့ရာမှ ဝင်ငွေ ကန်ဒေါ်လာ ၂၀၉ သန်းရရှိခဲ့

ဖနောင်ပင် မေ ၅

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမလေးလအတွင်း ကြိတ်ခွဲပြီးဆန်တန်ချိန် ၂၈၂၃၁၅ တန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ဝင်ငွေ ကန်ဒေါ်လာ ၂၀၉ သန်းရရှိခဲ့ကြောင်း ကမ္ဘောဒီးယားဆန်စပါးလုပ်ငန်းအသင်းချုပ်၏ ယနေ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖနံပင်ရှိမှ ဧပြီအတွင်း ကုမ္ပဏီ ၄၈ ခုက နိုင်ငံနှင့် ဒေသ ၅၉ ခုသို့ ကြိတ်ခွဲပြီးဆန်များကို တင်ပို့ခဲ့ပြီး တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်စပါးကို အဓိကဝယ်ယူသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်နှင့် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်စွာကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်များမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများသို့ စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့နေသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဆန်စပါး၊ ငှက်ပျောသီး၊ သရက်သီး၊ ကွမ်းသီး၊ ငရုတ်ကောင်းနှင့် ရေထွက်ကုန်များကို အခွန်နှုန်းလျှော့ချ၍ တရုတ်နိုင်ငံသို့ တင်ပို့နေသည်။ **ကိုးကား - ဆင်ဟွာ ဘာသာပြန် - စိုးသူရ**







# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သင်တန်းဆင်းပွဲများ ကျင်းပ

**နေပြည်တော်** မေ ၅

နိုင်ငံသားတိုင်း သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၀)သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော် ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များအား အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရသည်။



ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့ သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်



များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည် ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၀)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီး မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

(၁)

ဒီမှာသင်တန်းတက်ရတာ နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်ရတာဖြစ်လို့ ဂုဏ်ယူပါတယ်။ သင်တန်းမှာ အတူတူတက်ခဲ့တဲ့ ညီအစ်ကိုတွေကိုလည်း အချင်းချင်း ကူညီ စောင့်ရှောက်ပေးတာတွေ



ရယ်၊ စည်းကမ်းပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း နည်းပြတွေက ပြောဆိုဆုံးမကြပါတယ်။ နည်းပြအားလုံးလည်း တော်ကြပါတယ်။ ကျွန်တော်တို့ကို သားသမီးသဖွယ် စောင့်ရှောက်ပြီး စစ်ပညာပိုင်းဆိုင်ရာကိုလည်း အားလုံးကို တတ်မြောက် ကျွမ်းကျင်အောင် သင်ပေးကြပါတယ်။ သင်တန်းသားတွေကလည်း ဘယ်နေရာပဲဖြစ်ဖြစ် အကုန်လုံး အဆင်ပြေပြေ လုပ်နိုင်ကြပါတယ်။ သင်ခန်းစာများကတော့ စစ်ရေးကျွမ်းကျင်မှုနဲ့ ပတ်သက်ပြီး အကုန်လုံးသင်ကြားရပါတယ်။ အကုန်လုံးလည်း တတ်မြောက် ကျွမ်းကျင်ကြပါတယ်။ ဘယ်နေရာပဲရောက်ရောက် ကျွန်တော်တို့က အကောင်းဆုံး လုပ်မယ်ဆိုတာကိုပဲ တွေးထားပါတယ်။

(၂)

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ် (၁၀) မှာ ကျွန်တော်ရရှိတဲ့ဆုကတော့ စံပြတပ်သားဆုဖြစ်ပါတယ်။ ဆုရရှိအောင်ကြိုးစားခဲ့တာကတော့ သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့တဲ့ ကြံ့ခိုင်ရေး၊ စစ်ရေးပြ၊ လက်နက်ငယ်၊ စစ်ရေးဗျူဟာဘာသာရပ်နဲ့ အခြားအထွေထွေ ဗဟုသုတတွေကို သင်ကြားပေးတဲ့အတိုင်း လိုက်နာဆောင်ရွက်တဲ့အတွက် အခုလိုဆုရရှိတယ်လို့ ထင်မိပါတယ်။ ပြည်သူတစ်ယောက် အနေနဲ့ နိုင်ငံတော်တာဝန်ကို အခုလိုတစ်ထောင့် တစ်နေရာကနေ တာဝန်ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက် ဂုဏ်ယူမိပါတယ်။ တာဝန်ကျရာတပ်တွေကို ရောက်တဲ့အခါမှာ ကျောင်းတော်ကြီးက သင်ကြားလေ့ကျင့်ပေးလိုက်တဲ့ ပညာရပ်တွေနဲ့ အလေ့အကျင့်ကောင်းတွေကို လေ့ကျင့်အသုံးချပြီး ပေးအပ်တဲ့တာဝန်ကိုအကောင်းဆုံး ကျေပွန်စွာ ထမ်းဆောင်သွားပါမယ်လို့ ခံယူထားပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ နိုင်ငံသားတိုင်းထမ်းဆောင်ရမယ့် အမျိုးသားရေးတာဝန် ဖြစ်တာကြောင့် နောက်ထပ်ဖွင့်လှစ်မည့် ပြည်သူ့စစ်မှုထမ်းသင်တန်းတွေမှာ ညီငယ်တွေအနေနဲ့ နိုင်ငံသားတာဝန်၊ အမျိုးသားတာဝန် ကျေပွန်အောင် တက်ရောက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

(၃)

ကျွန်တော် ပြည်သူ့စစ်မှုထမ်း သင်တန်းကိုနိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်လာရောက်တက်ခဲ့တာ ဖြစ်ပါတယ်။ သင်တန်းကာလမှာကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေကို သင်ကြားပေးတဲ့ဆရာတွေ၊ သူငယ်ချင်းတွေရဲ့ အားပေးမှုတွေနဲ့ ကျော်လွှားခဲ့ပါတယ်။ သင်တန်းတက်ခါစတုန်းကတော့ ပင်ပန်းတယ်လို့ထင်မိပါတယ်။ နောက်ပိုင်းကျတော့ နေသားကျသွားတဲ့ အတွက် ပင်ပန်းမှုဒဏ်ကို မခံစားရတော့ပါဘူး။ ဒီသင်တန်းကို တက်ရောက်ပြီးသွားတဲ့အခါမှာ ကျွန်တော် စည်းစနစ်တကျ နေထိုင်တတ်သွားတယ်လို့ ခံစားမိပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ အမျိုးသားတိုင်း ထမ်းဆောင်ရမယ့်တာဝန်ဖြစ်လို့ နောက်ထပ်လာရောက်တက်ကြမယ့် ညီငယ်လေးများကို လာရောက်တက်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

ထို့နောက် ညပိုင်းတွင်သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၀)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဆင်းပွဲများကျင်းပမှုမြင်ကွင်း












# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၅

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများ၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးလျက်ရှိသော အောင်မြေဘုံစံ ကျောင်းတိုက် သာသနိက အဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှား ရှင်းလင်းနေမှုများနှင့် သံပုဏ္ဏာရာမ ကျောင်းတိုက် ကျောင်းပုရိဝုဏ်အတွင်း ငလျင်ဘေးသင့် ရဟန်း၊ သံဃာ၊ သီလရှင်၊ ပြည်သူများအတွက် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့၏ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော် စေတီနှင့် နန်းဦးမြို့သစ်ရှိ မရှိခဏစေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများ၊ ပါရမီရပ်ကွက်ရှိ သက္ကနိမ္မိတ သီလရှင်စာသင်တိုက်၊ ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် မူလတန်းကြိုကျောင်းတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် စာသင်ဆောင် အဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများနှင့် စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် တပ်မတော် ရေသန့်စက်ရုံမှ ဧရာဝတီမြစ်ရေကို သန့်စင်၍ သောက်သုံးရေ ဖြန့်ဝေပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတက္ကသိုလ်ရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော မန်းသပြေကျောင်းဆောင်၊ ထမင်းစားဆောင်၊ ရွှေမန်းကျောင်းသူဆောင်၊ သစ္စာကျောင်းဆောင် အဆောက်အအုံများကို အသိအမှတ်ပြု လက်မှတ်ရ အင်ဂျင်နီယာ (PE)အဖွဲ့များက (SOP) အတိုင်း စစ်ဆေးနေမှုများ၊ Level-1 အဆင့် စစ်ဆေးပြီး အဆောက်အအုံများအား ပျက်စီးမှုအဆင့်အတန်းအလိုက် POST EARTHQUAKE ASSESSMENT သတ်မှတ်၍ ခွဲခြားထားသည့် အရောင်များအတိုင်း အဆင့်သတ်မှတ်မှု အခြေအနေများကို လိုက်လံကြည့်ရှု၍ ငလျင်ဒဏ်သင့် ဆရာ ဆရာမများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး တာဝန်ရှိသူများအား ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံ များအနက် အသိအမှတ်ပြု လက်မှတ်ရ အင်ဂျင်နီယာ (PE)အဖွဲ့များက (SOP)အတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ် ပြီးစီးသည့် အဆောက်အအုံများအားဦးစားပေး အဆင့်အလိုက် ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားရန်နှင့် အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများကို စနစ်တကျ ပြန်လည်ပြုပြင် ထိန်းသိမ်းသွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ချမ်းသာရဆုတောင်းပြည့် မြတ်စွာဘုရား၊ မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၊ အမရပူရမြို့နယ်ရှိ ရွှေကူကြီးဆုတောင်းပြည့်မြတ်စွာဘုရား၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ပလစ(၂)အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများ၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၁၇ သို့ ❖



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံနှင့် လူနေအဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ မဟာမုနိဘုရားကြီးကျောင်းတော်ကြီး၏ ထီးတော်ရှိ ငှက်မြတ်နားတော်အား ခေတ္တအပူဇော်ခံမည့်နေရာသို့ ပင့်ဆောင်ပူဇော်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးတက္ကသိုလ်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများအား အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE)အဖွဲ့များက (SOP)အတိုင်း စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့၌ ဝန်ထမ်းများအတွက် ယာယီရုံးဖွင့်လှစ်ရန် Modular House များ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# လှိုင်ကော်မြို့၌ ခါတ်ခွဲကျွမ်းကျင်-၄ သင်တန်းဖွင့်ပွဲ ကျင်းပ

လှိုင်ကော် မေ ၅

ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ခါတ်ခွဲကျွမ်းကျင်-၄ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ခုတင် (၅၀၀) ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ကယားပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက အမှာစကားပြောကြားရာတွင် ကျန်းမာရေး ဝန်ကြီးဌာနက ကယားပြည်နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးရှေးရှု၍ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပထမဆုံးအကြိမ် ဖွင့်လှစ်ပေးသည့် သင်တန်းဖြစ်ကြောင်း၊ ပြည်နယ်၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ အလွန်အရေးကြီးသော အခြေခံအုတ်မြစ်တစ်ခုဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှရရှိသော စာတွေ့၊ လက်တွေ့ လုပ်ငန်းများကို သေချာလေ့လာဆည်းပူးပြီး သိပ္ပံနည်းကျ၊ တိကျမှန်ကန်သော အဆင့်မြင့် ခါတ်ခွဲစစ်ဆေးခြင်းများဖြင့် မိမိတို့ ပြည်နယ်၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်ရေး ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစည်သူက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းကို ရှစ်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုတွက်(ပြန်/ဆက်)

# လျှင်အပြီး အဆောက်အအုံ အကဲဖြတ်ခြင်းနှင့် ပြုပြင်ခြင်းနည်းပညာသင်တန်းပို့ချ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် Engineering Ministries International(EMI) အဖွဲ့အစည်းတို့ ကြီးမှူး၍ လျှင်အပြီး အဆောက်အအုံအကဲဖြတ်ခြင်းနှင့် ပြုပြင်ခြင်းနည်းပညာ တစ်ရက်တာသင်တန်းကို မေ ၅ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးကိုကိုလေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် သင်တန်းဆရာများဖြစ်ကြသော Mrs. Sarah Dunn၊ Mr. Samuel Carrara၊ Mr. Craig Cole၊ Jaclyn Miller တို့က Damage Assessment, Repair & Retrofit အကြောင်း သိကောင်းစရာများကို မျှဝေပို့ချသည်။

ဆက်လက်၍ Disaster Risk Reduction for water & Sanitation အကြောင်းအရာနှင့် Build Bach Safer Training Of Trainer အကြောင်းအရာများကို ပို့ချသည်။ ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကိုမေးမြန်းရာ သင်တန်းဆရာများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါ တစ်ရက်တာသင်တန်းကို မေ ၁၂ ရက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်တွင် ပြုလုပ်သွားမည်ဖြစ်ရာ စိတ်ပါဝင်စားသည့်အင်ဂျင်နီယာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ကြောင်း သိရသည်။

မျိုးမင်းသူရ






# ရန်ကင်းမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ဒုတိယအကြိမ် ထောက်ပံ့ငွေများ ပေးအပ်

ရန်ကင်း မေ ၅

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးအပ်သော ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ရန်ကင်းမြို့နယ် အမှတ်(၁၄)ရပ်ကွက် မိုးကောင်းဘုရားလမ်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသည်။

ရန်ကင်းမြို့နယ်အတွင်း နေရပ်စွန့်ခွာ၍ ပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးအပ်သော တစ်ဦးလျှင် တစ်လ ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လ နှစ်လစာအတွက် တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ အား အိမ်ထောင်စု ၂၄၀၊ လူဦးရေ ၉၀၀ အတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၆၀ အား လက်ဝယ်အရောက် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ လှလှထွေး(ပြန်/ဆက်)

# လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနနှင့် သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)မှ ပူးပေါင်းကျင်းပသည့် လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်း အမှတ်စဉ်(၆/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက သုခစိုးဟိုတယ်၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အချက်အလက်များကို ရှင်းလင်းပြောကြားဆွေးနွေးခဲ့သည်။ အဆိုပါ သင်တန်းကို မေ ၅ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ မျိုးသီဟ(ပြန်/ဆက်)



# ပြင်ဦးလွင်မြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ

ပြင်ဦးလွင် မေ ၅

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင် မီးသတ်စခန်း၌ ကျင်းပသည်။

ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းက အခမ်းအနားမိန့်ခွန်းပြောကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝတ်စားဆင်ယင်မှု အကောင်းဆုံးဆုရရှိသည့် တပ်ဖွဲ့ဝင်နှင့် မီးသတ်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများပြသထားမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




# လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာအထောက်အပံ့ဖြစ်စေရန် ဆွေးနွေးပညာပေးနိုင်ရေး သင်တန်းပို့ချ

နေပြည်တော် မေ ၅

နေပြည်တော်အတွင်း ငလျင်ဘေးကြောင့် ယာယီရွှေ့ပြောင်းနေထိုင်ရာ စခန်းများရှိ ပြည်သူများအား လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာအထောက်အပံ့ဖြစ်စေရန် နှစ်သိမ့်ဆွေးနွေး ပညာပေး သင်တန်းကို ယနေ့နံနက်ပိုင်းတွင် စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးဝန်ထမ်းများအား နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးတွင် ပို့ချခဲ့သည်။



အဆိုပါ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်း လုပ်ငန်းများကို ဆရာဝန်များ၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ၊ ဆေးလူမှုဆက်ဆံရေးမှူးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများက ယာယီရွှေ့ပြောင်းနေထိုင်ရာ စခန်းများတွင် ဧပြီ ၃၀ ရက်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ယာယီတည်းခိုရေးစခန်းများရှိ အိမ်ထောင်စုများ၏ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ အခက်အခဲများကို နားထောင်ဆွေးနွေးပေးကာ အထောက်အပံ့ဖြစ်စေရေးနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့လိုအပ်သူများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ နှစ်သိမ့်ဆွေးနွေးပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး အတွက် သင်တန်းပို့ချခြင်းကို မေ ၁ ရက်တွင် ပထမအကြိမ်၊ မေ ၅ ရက်တွင် ဒုတိယအကြိမ် လက်တွေ့ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

# မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ် ၄၃၅၄ သိန်း တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေများ ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦး၊ သက်သေခံပစ္စည်းများ သိုဝှက်သိမ်းဆည်းပေးသူ တရားခံအမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ် ၄၃၅၄ သိန်း တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေများ ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦး၊ သက်သေခံပစ္စည်းများ သိုဝှက်သိမ်းဆည်းပေးသူ တရားခံအမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိစဉ်။

နေပြည်တော်　　မေ　　၅

၂၀၂၅ ခုနှစ် ဧပြီ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် လမ်း ၇၀ နှင့် ၇၁ လမ်းကြား၊ ၃၂(B)လမ်းရှိ (၇)လွှာ တိုက်ခန်းမြေညီထပ် အခန်းအမှတ်(B-1)နေ ဒေါ်ခင်ဖြူမြင့်(၄၇)နှစ် (ဘ)ဦးကိုကိုသည် ၎င်း၏နေအိမ်တိုက်ခန်းအတွင်းရှိ ထပ်ခိုးပေါ်၌ သိမ်းဆည်းထားသည့် ပီနံအိတ်အတွင်းထည့်ထားသော ငွေကျပ်သိန်း ၂၀၀၀ နှင့် ကျောပိုးအိတ်အတွင်းထည့်ထားသော ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၂၃၅၄ သိန်း၊ စုစုပေါင်းငွေနှင့် ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၄၃၅၄ သိန်းမှာ ပျောက်ဆုံးနေကြောင်း တိုင်တန်းချက်အရ ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း(ပ)၆၄/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၈၀ ဖြင့် အမှုဖွင့်လှစ်၍ ပြစ်မှုကျူးလွန်သူ တရားခံအား ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူ တရားခံအား ဖမ်းဆီးရမိနိုင်ရေး သတင်းရယူ စုံစမ်းခြင်းများဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူတရားခံ လွင်ကိုဦး(၂၇)နှစ် (ဘ)ဦးအောင်ကို၏ နေပြည်တော် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် လက်ပံကျေးရွာရှိ နေအိမ်အား ဧပြီ ၂၆ ရက်တွင် ဝင်ရောက်ဖမ်းဆီးရှာဖွေခဲ့ရာ လွင်ကိုဦး၏ဇနီးဖြစ်သူ သင်းသင်းစိုး(၂၆)နှစ် (ဘ)ဦးမြင့်နိုင်အား တွေ့ရှိရပြီး ထွက်ဆိုချက်အရ ဧပြီ ၁၉ ရက်တွင် လွင်ကိုဦး ပြစ်မှုကျူးလွန်ရရှိသည့် ငွေဖြင့် တပ်ကုန်းမြို့၌ KENBO 125 အနက်ရောင်ဆိုင်ကယ်တစ်စီးကို ဝယ်ယူခဲ့ကြောင်း ကျန်ခိုးရာပါ ငွေများနှင့် ရွှေထည်ပစ္စည်းများကို ပီနံအိတ်ဖြင့်ထုပ်၍ လက်ပံကျေးရွာရှိ နေအိမ်သို့ ယူဆောင်လာခဲ့ပြီး ဧပြီ ၂၁ ရက်တွင် သင်းသင်းစိုး၏ ဖခင်ဖြစ်သူ မြင့်နိုင်၊ ညီမဖြစ်သူ ဖြိုးဖြိုး၊ ခဲအိုဖြစ်သူ ကျော်ကျော်ခိုင်(ခ)ကျော်ခိုင်တို့နှင့်အတူ ကျေးရွာ၏ အနောက်ဘက်တစ်မိုင်ခန့်အကွာရှိတောင်ကုန်းပေါ်၌ ကျင်းတူး၍ မြှုပ်နှံသိုဝှက် သိမ်းဆည်းထားခဲ့ကြောင်း စစ်ဆေးသိရှိရပြီး သင်းသင်းစိုး၏ ထွက်ဆိုချက်အရ ဧပြီ ၂၆ ရက်တွင် သက်သေခံငွေကျပ်သိန်း ၁၄၀၀ နှင့် အလေးချိန် ၉ ကျပ် ၁၀ ပဲ ၅ ရွေးအလေးချိန်ရှိ ရွှေထည်ပစ္စည်းမျိုးစုံတို့ကို သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ လွင်ကိုဦးအား ဧပြီ ၂၇ ရက် ညနေ ၄ နာရီခွဲ၌ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူကျေးရွာရှိ စိန်လျှံတည်းခိုခန်း အခန်းအမှတ်(H-3)တွင် ရှာဖွေဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ သက်သေခံငွေကျပ် ၁၂၇ သိန်း၊ အလေးချိန် ၃ ကျပ် ၃ ပဲ ၃ ရွေးရှိ ရွှေထည်ပစ္စည်းမျိုးစုံ၊ KENBO အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီး၊ လွင်ကိုဦး၏နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ လွင်ကိုဦးဓာတ်ပုံကပ်ထားသော မျိုးသူအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ လက်ကိုင်ဖုန်း မျိုးစုံ ငါးလုံးတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

တရားခံ လွင်ကိုဦး၏ထွက်ဆိုချက်အရ ၂၀၂၄ ခုနှစ် နိုဝင်ဘာလခန့်မှစတင်ကာ မန္တလေးမြို့ပေါ်တွင် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခု၌ အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ဧပြီ ၁၈ ရက် နံနက် ၈ နာရီတွင် ၎င်းအလုပ်လုပ်ကိုင်သည့် နေရာအနီးရှိ (၇)လွှာတိုက်ခန်းမြေညီထပ် အခန်းအမှတ်(B-1)၏ အခန်းအတွင်းသို့ ဝင်ရောက်ကာ ငွေနှင့် ရွှေထည်ပစ္စည်းများကို ခိုးယူခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တပ်ကုန်းမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့် ပြန်လာကာ ဇနီးဖြစ်သူကို ငွေနှင့် ရွှေထည်ပစ္စည်းများကို သိုဝှက်သိမ်းဆည်းထားခိုင်းခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်း ဝင်ရောက်ကာ ငွေနှင့် ရွှေထည်ပစ္စည်းများကို ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံ လွင်ကိုဦးနှင့် သက်သေခံပစ္စည်းများ သိုဝှက်သိမ်းဆည်းပေးခဲ့သူများဖြစ်ကြသည့် တရားခံ သင်းသင်းစိုးပါ လေးဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။　**သတင်းစဉ်**




အကြမ်းဖက်သမားများဖြစ်ကြသည့် ကျော်စိုးသူ၊ ဇင်ကိုလတ်(ခ)သားချောတို့အား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

○ ကျောဖုံးမှ

ဖမ်းဆီးရမိသူများအား စစ်ဆေးခဲ့ရာ မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လက်ာတို့နှစ်ဦးအား ကွမ်းခြံအစပ်နှင့် မြို့ရှောင်လမ်းကြားတွင်ရှိသော သနပ်ခါးခြံအလယ်ရှိ ၎င်းတို့၏ အကြမ်းဖက်စခန်းတွင် ဖမ်းဆီး ထိန်းသိမ်းထားကြောင်း၊ အဆိုပါစခန်း၌ အကြမ်းဖက်အဖွဲ့ဝင်များမှ စောင့်ကြပ်လျက်ရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖွဲ့ငယ်များခွဲ၍ တိတ်တဆိတ် ဝင်ရောက်ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်စဉ် အကြမ်းဖက်သမားများက လုံခြုံရေး တပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားများဖြစ်ကြသည့် ငထူး၊ ချိုကြီးနှင့် ပိုလီယိုတို့ သုံးဦးအား လက်လုပ်သေနတ်နှစ်လက်၊ ကျည်အချို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးတွင် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ကာ မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လက်ာတို့အား ဘေးအန္တရာယ် ကင်းရှင်းစွာ ကယ်တင်နိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေအား ပိတ်ဆို့ရှင်းလင်းခြင်းဆောင်ရွက်ခဲ့ရာ မေ ၅ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် အဆိုပါရပ်ကွက် သုဗောဓာရုံ ကျောင်းလမ်း လမ်းသွယ်အရောက်၌ မုံရွာမြို့ မြို့သစ်ရပ်ကွက်နေ ဇင်ကိုလင်း (ခ) သားချော (၃၃)နှစ် (ဘ) ဦးအောင်ကျော်သန်းနှင့် စက်မှုဇုန်ရပ်ကွက်နေ ကျော်စိုးသူ (၃၃)နှစ် (ဘ) ဦးကျော်မျိုးညွန့်တို့ နှစ်ဦးကို MG-1 လက်ပစ်ဗုံး တစ်လုံး၊ ကျည်ကာအင်္ကျီ တစ်ထည်၊ ဆိုင်ကယ်တစ်စီး တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး စစ်ကြော ဖော်ထုတ်ချက်အရ သက်အောင်ဖြိုး(ခ) ကောင်းကင်၏နေအိမ်အရှေ့ မြေကြီးအတွင်းမှ ပီနံအိတ်ဖြင့်ပတ်၍ မြှုပ်နှံထားသည့် MA-2 သေနတ် တစ်လက်၊ ဘောက်ဝိုင်းတစ်ခု၊ ၎င်းကျည် ၄၆ တောင့်၊ လက်လုပ်သေနတ်နှစ်လက် (ကျည်အိမ်တပ်လျက်)၊ ၎င်းကျည်လေးတောင့်၊ 91 လက်ပစ်ဗုံး တစ်လုံးတို့ကို ဖော်ထုတ်သိမ်းဆည်းရရှိခဲ့သည်။

ထိုသို့လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် PDF အကြမ်းဖက်သမားများ၏ပြန်ပေးဆွဲ ဖမ်းဆီးချုပ်နှောင်ခြင်းခံထားရသည့် မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လက်ာတို့ နှစ်ဦးအား ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးချုပ်နှောင် အကျပ်ကိုင်ကာ ခြိမ်းခြောက် ငွေတောင်းခံခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်လျက်ရှိသည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီထိရောက်စွာအရေးယူနိုင်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။　**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော်　　မေ　　၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "War War Naing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ဝါဝါခိုင်(ခ)မညို့အား ညနေ ၅ နာရီ မိနစ် ၄၀ တွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။　**သတင်းစဉ်**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော်　　မေ　　၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၁ ရက်မှ ၂၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၁ ဒသမ ၆၁၇၂ တန်၊ သစ်မာ ၇ ဒသမ ၄၇၃၂ တန်၊ အခြား ၂၆ ဒသမ ၃၇၆၆ တန် စုစုပေါင်း ၄၅ ဒသမ ၄၆၇၀ တန်၊ ယာဉ်/ ယန္တရား ခြောက်စီး၊ တရားခံ ၂၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီ (၁၃)လမ်း၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့၏ မြေစည်ပင်ခလက်ခံပြေစာပါ မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၉၀၉)၊ အိမ်ရာကွက်ချထားပေးခြင်းခံရသူ ဦးကျော်ဝင်းနိုင်[N/OKA-၀၅၀၀၂၅]အမည်ဖြင့် မြေကွက်အကျယ်(၄၀'x ၆၀')မြေအနက်မှ တောင်ဘက်ခြမ်း(၂၀' x ၆၀')မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ ဒေါ်အေးအေးတင့်(ဘ)ဦးသိန်းရွှေ[၁၂/ဥကတ(နိုင်)၁၄၂၇၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မချူအေးသိန်း (LL.B) (စဉ်-၁၂၂၅၇) (တရားလွှတ်တော်ရှေ့နေ)**
**(မမ/ ၃၂၄)တန်းမကြီးလမ်း ၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့၊ ၀၉-၅၀၄၁၄၈၃**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ ပြည်တော်သာရပ်ကွက်၊ ရေစင်လမ်း၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့၏ မြေစည်ပင်ခလက်ခံပြေစာပါ မြေကွက်ကြီး အမှတ်(၆)၊ အိမ်ရာကွက်ငယ်အမှတ်(၇၅)၊ အိမ်ရာကွက်ချထားပေးခြင်းခံရသူ ဦးစံအေး (HAB-၀၀၂၂၇၆) အမည်ဖြင့် မြေကွက်အကျယ်(၄၀'x၆၀')မြေအနက်မှ တောင်ဘက်ခြမ်း(၂၀'x၆၀')မြေနှင့်မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုရှိသူ ဒေါ်ကြည်ကြည်မြင့်(ခ)ဒေါ်ကျင်မြင့် (ဘ) ဦးထွန်းမြင့်[၁၂/လကန(နိုင်)၁၁၉၈၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မချူအေးသိန်း (LL.B) (စဉ်-၁၂၂၅၇) (တရားလွှတ်တော်ရှေ့နေ)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့၊ ၀၉-၅၀၄၁၄၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-၁၀၃၁၊ ငွေစင်လမ်း၊ ၄၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ်-၁၀၃၁၊ ဧရိယာ(၀.၀၅၅) ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးဇော်မောင်မောင် [၇/နတလ(နိုင်)၀၃၆၇၇၄] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၄၃၁၁၅၄၃၂**

# ရေကြည်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



ရေကြည် မေ ၅

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ သန္ဓေမီးသတ်အဖွဲ့နှင့် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အေးအေးလင်းက သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းဟောပြောသည်။

### အသိပညာပေးပြောကြား

ဆက်လက်၍ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့တို့က ရပ်ကွက်အတွင်း အပတ်စဉ် စနေနေ့တိုင်း တစ်အိမ်တက်/ဆင်းကွင်းဆင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေး ကျန်းမာရေးအသိပညာပေး ပြောကြားခြင်းနှင့် ကိုယ်တိုင်ကိုယ်ကျ အဘိတ်ဆေးခတ်ခြင်းကို ရက်သတ္တ ခြောက်ပတ် တစ်ကြိမ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၅

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည့် လမ်း၊ တံတားလုပ်ငန်းသုံး ယာဉ်ယန္တရားနှင့် ပစ္စည်းများ (Mini Excavator၊ ထွန်စက်၊ မီးလုံးများ(ဆိုဒီယမ်၊ LED)နှင့် ဆက်စပ်ပစ္စည်းများ၊ Transformer ဝယ်ယူခြင်း)အား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည် -

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | -၆-၅-၂၀၂၅ ရက် |
| တင်ဒါပုံစံပိတ်မည့်ရက် | -၁၉-၅-၂၀၂၅ ရက်၊ (၁၆:၀၀) နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | -အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန (လမ်း/တံတား)၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း - ၀၆၇-၄၃၂၀၃၇

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ City Loft Condo၊ အခန်းအမှတ်(၄၁၃)၊ တိုက်အမှတ်(CL-10) ဟုခေါ်တွင်သော အကျယ်အဝန်း (484Sqft) ပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဒေါ်နန်းငုဝါထွန်း [၁၂/တမန(နိုင်)၁၀၂၆၁၀]**မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်-၁၁၅၊ ပထမထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၀၀၅၄၀၆၀**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ ဈေးကြီးရပ်ကွက်၊ ကွင်းအမှတ်(၅ ᵏ)၊ ကွင်းအမည်(ဈေးပိုင်းကွင်း)၊ ဦးပိုင်အမှတ်(၂၆၂/၂)၊ မြေအကျယ်(၃၈' x ၆၀')၊ မြေလုပ်ကိုင်သူ ဒေါ်ကျင်မြိုင် အမည်ပါ မြေပေါ်ရှိအမှတ်(ဈ/၃၃၄)နေအိမ်အပါဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ ဒေါ်လှလှဦး (ဘ) ဦးနီ[၁၂/လကန(နိုင်)၀၉၀၂၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မချူအေးသိန်း(LL.B) (စဉ်-၁၂၂၅၇) (တရားလွှတ်တော်ရှေ့နေ)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။**
**၀၉-၅၀၄၁၄၈၃**

## “ကန့်ကွက်နိုင်ပါကြောင်း”

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)၊ ရန်ကုန်မြို့ရှိ စာရင်းအမှတ်(CA-24095) ဦးမြင့်အောင်-ဒေါ်ခင်အေး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၄၄၃/ခ) ၏ ဝန်ထမ်းအိမ်ရာချေးငွေများအား ပြေကျေစွာပေးဆပ်ပြီးဖြစ်ပါ၍ မြေချပါမစ်(မူရင်း) စာရွက်စာတမ်းများအား လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တရားရုံး၏ မွေက်ဟဒီကရီအရ အမိန့်ရရှိသူ ဒေါ်စန္ဒာဝင်း [၁၂/ဥကတ(နိုင်)၁၄၇၆၈၂] မှ မြေချပါမစ်မူရင်း ထုတ်ယူခွင့်ပြုပါရန် တင်ပြတောင်းခံလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) ဝန်ထမ်းအိမ်ရာချေးငွေဌာနစိတ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(မူရင်း)လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

**မန်နေဂျာ**
**မြန်မာ့စီးပွားရေးဘဏ်**
**ဘဏ်ခွဲ(၁)**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၅

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ ၃၈-လမ်း၊ အမှတ်(၁၉၃/၁၉၅)ဟုခေါ်တွင်သော (၄)ခန်းတွဲ (၄)ထပ်တိုက်အနက်မှ (တတိယထပ်)၊ (၄-လွှာ)၊ အကျယ်အဝန်း (၁၂ ²⁄₂ x၅၀) ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဒေါ်ကြည်ကြည်ဝင်း [၁၂/ကတတ(နိုင်၀၂၁၄၆၀]**မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဦးလှထွန်း [၁၂/ကတတ(နိုင်)၀၃၅၁၁၃]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်-၁၁၅၊ ပထမထပ်၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာ၊ ရွာပတ်လမ်း၊ ဦးပိုင်အမှတ်(၂၄)၊ ကွင်းအမှတ်(၅၂၃) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၅၂x အနံ ၁၁၅) ပေရှိ **ဦးပေါ်ဘော်ပါ+၅** အမည်ပေါက် ရွာမြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို **ဦးတင်အေး[၁၂/မဂတ(နိုင်)၀၆၇၆၉၈]**မှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဦးအောင်မျိုးဇော် [၁၀/မလမ(နိုင်)၁၅၅၇၁၉]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်- ၁၁၅၊ ပထမထပ်၊ ၃၃-လမ်း၊ (၁) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၇)ရပ်ကွက်၊ ဦးထွန်းအုန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၇၊ မြေကွက်အမှတ်-၁၉၀ ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ ပေx၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်လှထံမှ ဆက်စပ်အရောင်းအဝယ်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တစ်ဆင့်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရွှေသိန်း [၉/ညဥန(နိုင်)၁၂၉၈၇၉] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှိုင်မင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးထွန်းထွန်းဦး [LL.B]** | **ဦးချမ်းငြိမ်းမောင် [LL.B ]** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၀၂၆)** | **အထက်တန်းရှေ့နေ (စဉ်- ၄၈၅၀၁)** |

**ရုံးခန်းအမှတ်- ၁၇/၂၁(ပထမထပ်)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၆၈၅၂၉၁၃၊ ၀၉-၇၉၅၂၉၇၉၀၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ (ယခင်) သောက်တော်တွင်း (၁၁)လမ်း၊ (ယခု) ထန်းတောမြိုင်လမ်း၊ (ယခင်) အိမ်အမှတ်(၂၆)၊ (ယခု) အိမ်အမှတ်(၁၃)ဟုခေါ်တွင်သည့် အကွက်အမှတ်(၆)၊ ကုလားစုကွက်၊ ဦးပိုင်အမှတ်(၃၉)၊ ဘာဒိုးဆင်အမည်ပေါက် (မြို့မြေ)အတွင်းမှ (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဖြူမာ [၁၂/ကတတ(နိုင်)၀၂၈၁၉၄]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မြတ်ချို [၇/ညလပ(နိုင်)၀၉၅၆၉၁]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းထွန်း (B.Sc, B.Ed, H.G.P, PGDL)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၄၆၅)**
**အမှတ် (၈၂)၊ ၉၄-လမ်း၊ ကန်/အရှေ့ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၇၉၁၁၀၉၄၃**

## အများသိစေရန်ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ် ၁၀၄၆/ခ၊ မြေကွက်တည်နေရာအမှတ်-၁၀၄၆၊ ဒေဝဒဟလမ်း၊ ၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးကျင်-AA-088233)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျင်ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၆၃၆၇/၂၀၂၄(၃၁-၇-၂၀၂၄)ဖြင့် ရရှိသူ ဦးအေးချို [၁၂/ဥကတ(နိုင်)၀၆၉၅၉၃]မှ ဖော်ပြပါ ပိုင်ဆိုင်စာချုပ်၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၆၄၆/၂၀၂၄ (၁၃-၈-၂၀၂၄)၊ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ကတ်၊ obj၊ ဝန်ဆောင်ခတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလဂရန် (၁၁-၈-၉၃)ရက်နေ့တွင် ထုတ်ပေးထားသည့် ဦးကျင် (AA-088233) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်အမှတ်-တဥ/၁၃-၆၇၂/၉၁ မူရင်းစာအုပ်အား ဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)ရှိ Lot No.1 Alloy (၆၄.၈၆)တန်နှင့် Lot No.2 Cast Iron (၅၆၂.၈၉)တန်တို့ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချလိုပါသဖြင့် ဈေးနှုန်းများတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| တင်ဒါပုံစံစတင် ရောင်းချမည့်ရက် | - ၆-၅-၂၀၂၅ ရက် (ရုံးချိန်အတွင်း) |
| တင်ဒါပိတ်ရက် | - ၃၀-၅-၂၀၂၅ ရက်၊ (၁၆:၀၀)နာရီ |
| တင်ဒါတင်သွင်းရမည့်နေရာ | - စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၃၀)၊ နေပြည်တော်။ |
| ဆက်သွယ်ရမည့်ဖုန်းနံပါတ် | - ၀၆၇-၃၄၀၅၃၂၂ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း**

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းကျေးရွာ၊ မဥ္ဇူသကလမ်း၊ အပိုင်-၂၊ ခြံအမှတ်-၁/၁၂(၃၄)ရှိ အလျား (၇၀)ပေ x အနံ (၂၁၈)ပေရှိ မြေကွက်ကြီးထဲမှ အလျား (၁၅)ပေx အနံ (၆၀)ပေရှိ မြေကွက် (၂)ကွက် စုစုပေါင်းအကျယ်အဝန်း အလျား (၃၀)ပေx အနံ (၆၀)ပေရှိမြေကွက်နှင့် ၎င်းမြေကွက်များပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ**

အထက်ပါမြေကွက်အား ဦးမောင်မောင်ထွန်း[၁၂/ဗဟန(နိုင်) ၀၄၁၉၅၃] ကိုင်ဆောင်သူမှ လက်ရှိထား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကာ ရောင်းချရန်ကမ်းလှမ်းခဲ့သောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေမြတ်မြတ်ခိုင် [၁၂/လကန(နိုင်)၁၉၄၇၃၂] နှင့် ဒေါ်ကေခိုင်ဦး[၁၂/မရက(နိုင်)၁၅၀၈၇၇] ကိုင်ဆောင်သူတို့က အထက်ပါမြေကွက်များကို အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်၏ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့မြေကွက်နှင့်သက်ဆိုင်သော စာရွက်စာတမ်း (မူရင်း) များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာလှိုင်**
**(စဉ်-၁၃၃၅၇) (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်-၄/၂၁၃၊ နိဗ္ဗန်(၄)လမ်း၊ ဇရပ်ကွင်း၊ လှည်းကူးမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၉၆၁၀၁၄**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တွင် တည်ထောင်ဖွင့်လှစ်ထားသော **VIVEKANANDA INTERNATIONAL COMPANY LIMITED ("VIC ကုမ္ပဏီ")** မှ ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

**VIC ကုမ္ပဏီ**သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် အဆင့်မြင့်ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် **VIVEKANANDA AMERICAN UNIVERSITY ("VAU")** သင်တန်းကျောင်းကို သက်ဆိုင်ရာပညာရေး ဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်လျှောက်ထား၍ မလေးရှားနိုင်ငံအဆင့်မြင့်ပညာရေးဝန်ကြီးဌာနနှင့် မလေးရှားအရည်အသွေးအကဲဖြတ်အေဂျင်စီတို့မှ တရားဝင် အသိအမှတ်ပြုထားသည့် **LINCOLN UNIVERSITY COLLEGE** နှင့် တိုက်ရိုက်ချိတ်ဆက်ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု (Business Management) သင်တန်းများအား ဖွင့်လှစ်၍ Diploma, Bachelor Degree, Master Degree စသည့် ဘွဲ့ဒီဂရီအမျိုးမျိုးကို သက်ဆိုင်ရာတက္ကသိုလ်၏ ကြီးကြပ်မှုအောက်တွင် စနစ်တကျလေ့ကျင့် သင်ကြားပေးနေသည့် အဆင့်မြင့်ပညာရေးဝန်ဆောင်မှုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

**VIVEKANANDA AMERICAN UNIVERSITY** သင်တန်းကျောင်း၏ ကောင်းမွန်သော ဂုဏ်သတင်းနှင့် **VIVEKANANDA AMERICAN UNIVERSITY** သင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားနေသည့် သင်တန်းများ၏ အောင်မြင်မှု၊ သင်တန်းကျောင်းကို ကြီးကြပ်အုပ်ချုပ်သူများ၊ ဆရာ/ ဆရာမများ၊ ကျောင်းသူ/ ကျောင်းသားများ၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားများ ထိခိုက်ကျဆင်းစေရန် Facebook၊ Viber ၊ YouTube၊ Instagram ၊ Messenger ၊ Telegram ၊ Twitter ၊ Linkedln ၊ WhatApp ၊ WeChat၊ Tiktok အစရှိသည့် ဆိုရှယ်မီဒီယာများ (Social Medias), Internet Web Sites, Media Platforms စသည့် လူမှုကွန်ရက် စာမျက်နှာများ နှင့် Zoom၊ Microsoft Teams စသည့် Communication Platforms တို့တွင်လည်းကောင်း၊ (Facebook Group၊ Viber Group၊ Telegram Group၊ Messenger Group) စသည်ဖြင့် အဖွဲ့များကို ဖွဲ့၍လည်းကောင်း၊ **VIVEKANANDA AMERICAN UNIVERSITY** နှင့် **LINCOLN UNIVERSITY COLLEGE** တို့နှင့်ပတ်သက်၍ မဟုတ်မမှန်သော သတင်းအချက်အလက်အကြောင်းအရာများကို ရေးသားဖော်ပြခြင်း၊ စွပ်စွဲပြောဆိုခြင်း၊ မှတ်ချက်ပြုခြင်း၊ ဖြန့်ဝေခြင်း၊ ထပ်ဆင့်ဖြန့်ဝေခြင်း၊ ထိုသို့ ပြုလုပ်ပြောဆိုရေးသားရန် တိုက်တွန်းလှုံ့ဆော်ခြင်း၊ အကြံပေးခြင်း၊ ဦးစီးဦးဆောင် ပြုခြင်း အစရှိသည်တို့အား (လုံးဝ) မပြုလုပ်ကြပါရန်နှင့် ထိုသို့ ပြုလုပ်ဆောင်ရွက်သူများကိုလည်း စုံစမ်း ဖော်ထုတ်၍ ဆက်သွယ်ရေးဥပဒေအပါအဝင် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းတို့ဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းယဉ်ယဉ်လင်း**
**(LL.B., M.A. (Business Law))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၂၂)**
**အခန်းအမှတ်-၂၀၈၊ မဟာမြေစင်တာ၊ ကမ္ဘာအေးဘုရားလမ်း၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၅၀၈၇၇**

## အိတ်ဖွင့်တင်ဒါအမှတ် (၁/၂၀၂၅-၂၀၂၆) ဖြင့် တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ကက်သုတ် ကြေးနီ (၃၀၀) မက်ထရစ်တန်အား (1) Lot လျှင် (၁၀) မက်ထရစ်တန်စီဖြင့် (30) Lots ခွဲ၍ ပြည်တွင်းရှိ ကြေးနီကုန်ကြမ်းသုံးကုမ္ပဏီများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စက်မှုလက်မှု လုပ်ငန်းရှင်များသို့ "မြန်မာကျပ်ငွေ" ဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်။

၂။ ကက်သုတ်ကြေးနီ၏ ကြမ်းခင်းဈေးနှုန်းမှာ တင်ဒါဖွင့်လှစ်သည့်နေ့တွင် အင်တာနက်၌ပေါ်ထွက်လာမည့် ယမန်နေ့ ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်း (London Metal Exchange-LME) ပါ ကက်သုတ်ကြေးနီ တစ်မက်ထရစ်တန်ဈေးနှုန်း အပေါ်တွင်အခြေခံ၍ သတ်မှတ်မည်ဖြစ်ပါသည်။ အဆိုပြုဈေးနှုန်းအား (LME + Premium) ဖြင့် ဖော်ပြရာတွင် အမေရိကန်ဒေါ်လာဖြင့် ရေးသားဖော်ပြရမည်ဖြစ်ပြီး Premium ကြေး အများဆုံးပေးသွင်းနိုင်သည့် အဆိုပြုတင်သွင်းသူကို တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

၃။ ကက်သုတ်ကြေးနီများကို ရန်ကုန်မြို့တွင်ထုတ်ယူရမည်ဖြစ်ပြီး Mine Site မှ ရန်ကုန်မြို့သို့ သယ်ယူခ၊ တင်ချခစရိတ်များကို တင်ဒါအောင်မြင်သည့် ပြည်တွင်းရှိ ကြေးနီကုန်ကြမ်းသုံးကုမ္ပဏီများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များမှ ကျခံရမည်ဖြစ်ပါသည်။

၄။ တင်ဒါပိတ်မည့် နေ့ရက်နှင့် အချိန်မှာ (၂၀-၅-၂၀၂၅)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီဖြစ်ပြီး ယင်းနေ့ညနေ (၁၅:၀၀) နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၀၆၇-၃၄၀၉၃၇၈၊ ၀၆၇-၃၄၀၉၃၇၂ နှင့် ၀၆၇-၃၄၀၉၃၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## အများသိစေရန် အသိပေးကြေညာခြင်း

အောက်ပါ အမှတ်တံဆိပ်များပါရှိသော Skin Care အလှကုန်ပစ္စည်းများသည် ကိုရီးယားနိုင်ငံထုတ် အလှကုန်ပစ္စည်းများဖြစ်ကြပါသည်-

SKIN1004

LITTLE OLIVE KOREA SKIN CARE & COSMETIC COMPANY LIMITED သည် အရည်အသွေးမြင့်မားကောင်းမွန်သည့် ကိုရီးယားအလှကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချနေသည့် အမည်ကောင်းရရှိထားသည့် ကုမ္ပဏီဖြစ်သည့်အားလျော်စွာ အထက်ပါ အမှတ်တံဆိပ် Skin Care အလှကုန် ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးသည့် ပင်မကုမ္ပဏီက မြန်မာနိုင်ငံအတွင်း၌ LITTLE OLIVE KOREA SKIN CARE & COSMETIC COMPANY LIMITED က တရားဝင်ဖြန့်ဖြူးရောင်းချရန်အတွက် Authorized Distributorship အဖြစ် ပေးအပ်ထားသဖြင့် LITTLE OLIVE KOREA SKIN CARE & COSMETIC COMPANY LIMITED သည် မြန်မာနိုင်ငံ၏ (Authorized Distributor) ဖြစ်ပါသည်။ ထို့ကြောင့်အထက်ပါ Skin Care အလှကုန်ပစ္စည်း အစစ်အမှန်များကို အများပြည်သူက လွယ်ကူ စိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် "Little Olive" တံဆိပ်ပါ ငွေရောင် Hologram စတစ်ကာ အမှတ်အသားအားကပ်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ LITTLE OLIVE KOREA SKIN CARE & COSMETIC COMPANY LIMITED ၏ ငွေရောင် စတစ်ကာ Hologram စတစ်ကာအမှတ်အသားကို တုပကာထင်ယောင် ထင်မှားပြုလုပ်၍ တစ်စုံတစ်ရာ အသုံးပြုပါကလည်းကောင်း၊ ကုမ္ပဏီက တရားဝင်ဖြန့်ဖြူးခွင့်ရရှိထားသည့် အထက်ပါ Skin Care အလှကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ တစ်နည်းနည်းဖြင့် ဖြန့်ဖြူးရောင်းချပါက လည်းကောင်း မည်သူ့ကိုမဆို၊ မည်သည့်အဖွဲ့အစည်းကိုမဆို ဥပဒေနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**LITTLE OLIVE KOREA SKIN CARE & COSMETIC COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးဝေထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၅၃)**
**အမှတ်-၁၄/ ၅-လွှာ၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၂၈၀၁၆၃**

## တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုးဝေ [၁၄/ဝခမ(နိုင်)၂၀၈၆၉၃]နှင့် ဒေါ်ဖူးဖူးလွင် [၇/ပခန(နိုင်) ၃၇၃၇၂၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုးဝေ [၁၄/ဝခမ(နိုင်)၂၀၈၆၉၃]နှင့် ဒေါ်ဖူးဖူးလွင်[၇/ပခန(နိုင်)၃၇၃၇၂၉] တို့သည် (၂၇-၃-၂၀၁၆)ခုနှစ်မှစ၍ အကြင်လင်မယား အဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါတွင် နှစ်ဦးနှစ်ဖက် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့၍ ဆက်လက်ပေါင်းသင်းလိုခြင်းဆန္ဒမရှိတော့သဖြင့် (၂၇-၂-၂၀၂၅) ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ဖြင့် နှစ်ဖက်အသိသက်သေများရှေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။

ထိုသို့ တရားဝင် ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစပြီး စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့သည် တစ်ဦးနှင့်တစ်ဦးပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းလုံးဝ(လုံးဝ)မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးဝေ [၁၄/ဝခမ(နိုင်)၂၀၈၆၉၃] နှင့် ဒေါ်ဖူးဖူးလွင်**
**[၇/ပခန(နိုင်)၃၇၃၇၂၉] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဆွေဇင်ဦး(LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၅၀၉၁၉) (၃၀-၄-၂၀၁၉)**
**အမှတ်(၉၀)၊ ၆-လွှာ၊ ဓမ္မစိန္တာလမ်း၊ ပုသိမ်ညွန့်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ 09-953048977**

## "မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အောင်မေတ္တာ(A)ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၉၈၈)ဟုခေါ်တွင်သော အလျား(၆၅)ပေ၊ အနံ(၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန်ကြော်ငြာခြင်း"

အထက်ဖော်ပြပါ မြေပေါ်၌ တည်ရှိသော အိမ်၊ ခြံ၊ မြေအား (၂၅-၁၁-၂၀၁၃) ရက်စွဲပါ မြေအပြီးပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဦးအောင်မျိုးမင်း [၈/မလန(နိုင်) ၀၅၂၁၃၂]မှအပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍၎င်းအိမ်၊ ခြံ၊ မြေနှင့်ပတ်သက်သော ပိုင်ဆိုင်မှုအဝဝသည် ဦးအောင်မျိုးမင်း တစ်ဦးတည်းနှင့်သာ သက်ဆိုင် အကျိုးခံစားခွင့်ရှိပါကြောင်း၊ ၎င်းမြေကွက်နှင့် ပတ်သက်သော ရောင်း၊ ဝယ်၊ ပေါင်နှံမှု မှန်သမျှသည် မူလပိုင်ရှင် ဦးအောင်မျိုးမင်းနှင့် သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၉၆၈၈)**
**အမှတ်(၂၃၅)၊ စံပြ(၃)လမ်း နှင့် အောင်သိဒ္ဓိလမ်းထောင့်၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၂၆၀၀၂၅၉၅၀၊ ၀၉-၄၂၀၁၈၀၃၇၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်- ရွှေဘုံသာအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(၇၁)၊ ဧရိယာ(၄၀၀၀)စတုရန်းပေရှိ ဦးဇော်လင်း[၁၂/လမတ(နိုင်)၀၀၀၁၈၈]နှင့် ဒေါ်ရတ်ကြူ [၁၂/လမတ(နိုင်)၀၂၀၃၈၁]တို့ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိသော ရောင်းချသူများဖြစ်ကြသည့် ဦးဇော်လင်း[၁၂/လမတ (နိုင်)၀၀၀၁၈၈]နှင့် ဒေါ်ရတ်ကြူ [၁၂/လမတ(နိုင်)၀၂၀၃၈၁]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၈၁၉)** |

**အမှတ် (၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉-၂၅၄၆၀၈၅၉၄**

## အများသိစေရန် အသိပေးကြေညာခြင်း

အောက်ပါ အမှတ်တံဆိပ်များပါရှိသော Skin Care အလှကုန်ပစ္စည်းများသည် ကိုရီးယားနိုင်ငံထုတ် အလှကုန်ပစ္စည်းများဖြစ်ကြပါသည်-

epona
EPONA

MERCI JEJU
Georgia MERCI Constantia SCENT OF JEJU NATURE
SCENT OF JEJU NATURE PERFUME PREMIUM MERCI JEJU
SCENT OF JEJU NATURE MERCI

LITTLE OLIVE KOREA SKIN CARE & COSMETIC COMPANY LIMITED သည် အရည်အသွေးမြင့်မားကောင်းမွန်သည့် ကိုရီးယားအလှကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချနေသည့် အမည်ကောင်း ရရှိထားသည့် ကုမ္ပဏီဖြစ်သည့် အားလျော်စွာ အထက်ပါ အမှတ်တံဆိပ် Skin Care အလှကုန် ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးသည့် ပင်မကုမ္ပဏီများက မြန်မာနိုင်ငံအတွင်း၌ LITTLE OLIVE KOREA SKIN CARE & COSMETIC COMPANY LIMITED က တရားဝင်ဖြန့်ဖြူးရောင်းချရန်အတွက် Exclusive Distributorship အဖြစ် ပေးအပ်ထားသဖြင့် LITTLE OLIVE KOREA SKIN CARE & COSMETIC COMPANY LIMITED သည် မြန်မာနိုင်ငံ၏ (Exclusive Distributor) လည်းဖြစ်ပါသည်။ ထို့ကြောင့်အထက်ပါ Skin Care အလှကုန်ပစ္စည်း အစစ်အမှန်များကို သုံးစွဲသူအများပြည်သူက လွယ်ကူစိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ကုမ္ပဏီ၏ "Little Olive" တံဆိပ်ပါ ငွေရောင် Hologram စတစ်ကာအမှတ်အသားအားကပ်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ LITTLE OLIVE KOREA SKIN CARE & COSMETIC COMPANY LIMITED ၏ ငွေရောင်စတစ်ကာ Hologram စတစ်ကာအမှတ်အသားကို တုပကာထင်ယောင်ထင်မှားပြုလုပ်၍ တစ်စုံတစ်ရာ အသုံးပြုပါက လည်းကောင်း၊ ကုမ္ပဏီက တရားဝင် ဖြန့်ဖြူးခွင့်ရရှိထားသည့် အထက်ပါ Skin Care အလှကုန် ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ တစ်နည်းနည်းဖြင့် ဖြန့်ဖြူးရောင်းချပါက လည်းကောင်း မည်သူ့ကိုမဆို၊ မည်သည့်အဖွဲ့အစည်းကိုမဆို ဥပဒေနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**LITTLE OLIVE KOREA SKIN CARE & COSMETIC COMPANY LIMITED ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးဝေထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၅၃)**
**အမှတ်-၁၄/ ၅-လွှာ၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၂၈၀၁၆၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အောင်မင်္ဂလာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ လူနေရပ်ကွက်အမှတ်-ရွှေပေါက်ကံ၊ မြေကွက်အမှတ် (၃၅၀)၊ ဧရိယာ (၄၀ x ၆၀) ပေ၊ (၂၄၀၀) စတုရန်းပေ ကျယ်ဝန်းသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဒေါ်သန်းသန်းကြူ [၁၂/မရက(နိုင်) ၀၅၁၉၇၇] အမည်ဖြင့် မှတ်သားတည်ရှိပြီး ခင်ပွန်းဖြစ်သူဦးသိန်းထွန်း [၉/မမန(နိုင်) ၀၁၁၇၃၄] ကိုင်ဆောင်သူနှင့်ညှိနှိုင်း၍ လင်မယား (၂) ဦးလုံး၏ သဘောဆန္ဒအရ အရှုပ်အရှင်းကင်းကြောင်း တာဝန်ခံလျက် အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးဟိန်းထက်အောင် [၁၂/လမတ (နိုင်)၀၃၄၂၃၄] နှင့် ဒေါ်သက်နှင်းအေး [၁၂/လမတ (နိုင်)၀၃၃၂၄၇] ကိုင်ဆောင်သူတို့မှ အပြီး အပိုင်ဝယ်ယူရန်အတွက် မြေကွက်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ BSc, DA, HGP, R.L, DBL, DML, DIL** | **ဦးသိန်းညွန့် BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |
| **ဖုန်း - ၀၉-၇၉၈၈၂၇၅၉၀** | **ဖုန်း - ၀၉-၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ခရစ်တော်၌အိပ်ပျော်ခြင်း

### ဒေါ်လှလှဝင်း
**(ဌာနစုမှူး၊ အငြိမ်းစား-စက်မှု ကြွေ/မြေ)**
**Winnie Hla Hla Win (MEHS)**

### အသက်(၈၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ခြံအမှတ်(၃)၊ စမ်းချောင်းကျောင်းလမ်းနေ (ဦးသန်းမောင်-ဒေါ်စိုး)တို့၏ ဒုတိယသမီး၊ (Dr. အောင်ကျော်ဇံ-ဒေါ်ကြည်ကြည်)တို့၏ သမီးချွေးမ၊ Dr.သန်းဆွေ [လပွတ္တာမြို့၊ (၄)ရပ်ကွက်၊ သပြေဆေးခန်း]၏ ချစ်ဇနီး၊ (ဦးခင်မောင်ရင်-ဒေါ်မြမြဝင်း) တို့၏ ညီမ၊ (ဦးမြင့်ရွှေ)-ဒေါ်တင်မာဝေ၊ (ဦးစံထွန်း)-ဒေါ်သန်းသန်းဝင်းတို့၏ အစ်မ၊ တူ/တူမများဖြစ်ကြသော ဒေါ်မြစန္ဒာရင်-ဦးမြင့်ခိုင်ဦး၊ ဦးသူရိန်ခင်မောင်ရင်-ဒေါ်စုသွယ်ဦး၊ (ဦးဝဏ္ဏတင်မိုးနိုင်)၊ ဒေါ်သန္တာတင်စိုးနိုင်-ဦးကိုကိုဇော်၊ ဒေါ်ကေသီတင်မျိုးနိုင်၊ ဒေါ်သီရိအောင်-(ဦးရဲလွင်အောင်)၊ ဒေါ်နွယ်နီတင်ထားနိုင်၊ ဒေါ်မေအင်ကြွင်းတို့၏ အဒေါ်၊ မြေး ၁၃ ယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၅-၅-၂၀၂၅ ရက် နံနက် ၃:၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၅-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်၌ ဝတ်ပြုကိုးကွယ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ ၄၉-လမ်း၊ တိုက်အမှတ် (၁၁၈/၁၂၀)၊ တတိယထပ်၊ (၅/၆) လွှာ (ဟောင်ကောင်ပုံစံ)၊ အလျား × အနံ ( ၁၅´× ၆၀´) အကျယ်အဝန်းရှိ ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာပါရှိပြီး လူနေထိုင်ရန်အသင့်ရှိသည့်တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ( ၂၄-၃-၂၀၀၂ ) ရက်စွဲပါ အခန်းပျောက်အရောင်းအဝယ်သဘောတူစာချုပ်အရ ဦးငြိမ်းချမ်းအာကာ (ခ) ဦးချိုချစ်ခင် ( ၁၄/ဖပန (နိုင်) ၁၄၈၃၆၇ ) မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုလျက် ရောင်းချရန်ကမ်းလှမ်းလာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူပါ၍ စရံငွေအဖြစ် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဖော်ပြပါတိုက်ခန်း၏ ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ ) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်မြမြသင်း ( LL.B )**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၇၈၀)
အမှတ် - ၅၂ ၊ ပထမထပ်၊ ရ-လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀၈၂၈၁၁

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အကွက်အမှတ်(၂၂)၊ သိမ်ကျောင်းကွက်၊ ဦးပိုင်အမှတ်(၁/ဃ)၊ ဧရိယာ(၂၃.၀၇၉)ကေအကျယ်ရှိ ဦးလှထွန်းလွင်အမည်ပေါက်(မြို့မြေ) အတွင်းမှ ဧရိယာ(၀. ၀၅၂)ကေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးတင်ငြိမ်း(ခ)ဦးတင်ညိမ်း၏ သားသမီးများဖြစ်ကြသော ဦးအောင်စိုးမိုး[၁၂/သလန(နိုင်)၀၁၀၁၄၃]၊ ဒေါ်မိုးရီ[၁၂/သလန(နိုင်)၀၁၀၁၆၄]၊ ဦးစိုးနိုင်ကျော်[၁၂/သလန(နိုင်)၀၉၁၂၂၆]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် ဦးမင်းမနိတ်ပိုင်[၁၀/မလမ(နိုင်)၁၂၂၉၈၈]၊ ဒေါ်သီတာဝင်း[၃/ကကရ(နိုင်)၁၄၁၂၃၀] တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း (မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်နှင့်မြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးသန္တာ (LL.B)** | **ဒေါ်ဖြူမြတ်သွယ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၉၇၉၉/၂၀၁၄)** | **(စဉ်-၈၉၇၇/၂၀၁၃)** |
| **၀၉ - ၄၂၀၁၉၂၈၂၅** | **၀၉ - ၅၁၃၂၆၄၇** |

**(ရုံးခန်း)သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

---

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ (၁၄) ရပ်ကွက်၊ မင်းလှရဲခေါင်လမ်း၊ အမှတ်(၅၄၁)နေ ၁။ ဦးရဲမင်းထွန်း[၉/မခန(နိုင်)၁၉၅၂၀၇]၊ ၂။ ဒေါ်ယဉ်ယဉ်နွဲ့[၉/တသန(နိုင်)၁၂၃၅၇၁] ကိုင်ဆောင်သူတို့၏ လွှဲအပ်ချက်အရ ဒေါ်သိန်း[၁၂/အလန(နိုင်)၀၁၇၉၉၅]နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သိန်း အမည်ပေါက်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ (၁၄)ရပ်ကွက်၊ မင်းလှရဲခေါင်လမ်း၊ အမှတ်(၅၄၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)ဟုခေါ်တွင်သော (အလျား၄၀ပေx အနံ၆၀ပေ)၊ ဧရိယာ ၂၄၀၀ စတုရန်းပေရှိ ဂရန်မြေကွက်နှင့်အိမ် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ၁။ ဦးရဲမင်းထွန်းနှင့် ၂။ ဒေါ်ယဉ်ယဉ်နွဲ့သည် ဒေါ်သိန်းထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူလက်ဝယ် ပိုင်ဆိုင်ထားခဲ့သော မြေနှင့်အိမ်ဖြစ်ပါသည်။ ယခုအချိန်တွင် ဝယ်ယူပိုင်ဆိုင်ထားသူ ၁။ ဦးရဲမင်းထွန်း၊ ၂။ ဒေါ်ယဉ်ယဉ်နွဲ့တို့မှ အမည်ပေါက်ဆောင်ရွက်ရန် လိုအပ်သောအခြေအနေဖြစ်ပေါ်နေသောကြောင့် သတင်းစာပါသည့်နေ့မှ(၇)ရက်အတွင်း ဒေါ်သိန်းမှ ၁။ဦးရဲမင်းထွန်း၊ ၂။ဒေါ်ယဉ်ယဉ်နွဲ့တို့နှင့် ဆက်သွယ်၍ ဒေါ်သိန်းမှ တာဝန်ရှိသည့်အတိုင်း ၁။ ဦးရဲမင်းထွန်း၊ ၂။ ဒေါ်ယဉ်ယဉ်နွဲ့တို့ အမည်ပေါက်ဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်များကို ဆောင်ရွက်ပေးရန်နှင့်သတ်မှတ်ရက် ပြည့်မြောက်သည်အထိ ဒေါ်သိန်းမှ ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ၁။ ဦးရဲမင်းထွန်း၊ ၂။ ဒေါ်ယဉ်ယဉ်နွဲ့တို့အမည်ပေါက်ရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်သိန်းနှင့် အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**၁။ ဦးရဲမင်းထွန်း၊ ၂။ ဒေါ်ယဉ်ယဉ်နွဲ့ တို့၏ လွှဲအပ်ချက်အရ**
**ဒေါ်ရည်လွင်ကျော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၀၄၃)**
**အမှတ်(၁၇၄)၊ ပညာတန်ဆောင်(၁)လမ်း၊ (၄၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၂၉၈၉၄၅၅**

---

## ဒေါ်တင်တင်အေး
**အထက်တန်းပြဆရာမ(ငြိမ်း)**
**အထက(၁) တောင်ဥက္ကလာပ၊ အထက(၅) ဗိုလ်တထောင်**

### အသက်(၉၂)နှစ်

အောင်လံမြို့၊ ကန်ကြီးရပ်နေ(ဦးဘဆိုင်-ဒေါ်မြင့်)တို့၏သမီး၊ (ဦးမင်းလွင်-ဒေါ်ကြင်မြ)၊ (ဦးတင်သိန်း-ဒေါ်တင်လှ)၊ (ဦးအောင်ကြည်)-ဒေါ်သန်းမေ၊ (ဦးလှမောင်-ဒေါ်ခင်ညွန့်)၊ (ဦးတင်ဦး-ဒေါ်ထွေး)တို့၏ညီမ၊ တူ/တူမ /မြေး/မြစ် တို့၏အဘွားလေး၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ တိုက်(၁၇)၊ အခန်း(၂၀၃)၊ ၁၂လမ်း(အေ)နေ (ဦးမျိုးအောင်)-ဒေါ်စိုးစိုးသိန်း၊ ဦးနေလင်း-ဒေါ်မြင့်မြင့်ခင်၊ ဦးခင်မောင်လပ်-ဒေါ်ခင်နှင်းနွယ်တို့၏ ဒေါ်လေး၊ မင်းသူရိန်လတ်၊ ဝင်းသူရိန်လတ်၊ စိုးသူရိန်လတ်၊ (ဇော်လင်းထိုက်)၊ ဖြိုးဝေလင်း၊ ခင်ဇာခြည်စိုး၊ သန်းတိုးအောင်တို့၏ ချစ်လှစွာသောအဘွား၊ တပည့်များ၏ ချစ်သော ဆရာမသည် ၅-၅-၂၀၂၅ (တနင်္လာနေ့) နံနက် ၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၇-၅-၂၀၂၅ ( ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် စတင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၂ နာရီထိ ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်း အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှအတန်း ပေးဝေလိုပါသောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ တိုက်(၁၇)၊ အခန်း(၂၀၃)၊ ၁၂လမ်း (အေ) နေအိမ်သို့ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁D)၊ မြေကွက်အမှတ်-၇၊ အကျယ်အဝန်း(၂၅'x၄၀')၊ (၁၀၀၀)စတုရန်းပေရှိ နှစ်(၉၀)မြေငှားဂရန် (သက်ကုန်)ဟုခေါ်တွင်ပြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ် (၁၂)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သွဲ့သွဲ့အောင် [၁၂/မဂတ(နိုင်)၀၀၁၄၈၉]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ(စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ်(၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဦးထွန်းမြတ်လမ်း၊ အမှတ်-၃၇/က ဟုခေါ်တွင်သောမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် Royal Garden View Condominium ၏ ၈-လွှာ၊ အခန်းအမှတ်(L)၊ အကျယ်အဝန်း (၁၆၉၈)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်ယင်းကွန်ဒိုတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကိုလေး [၁၂/လမန(နိုင်)၀၄၃၉၇၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ(စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀/ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၃၁၈ (၂၄၀၀)စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၃၁၈)၊ အနော်ရထာလမ်း၊ ၂၀/ရွှေပေါက်ကံ ဒေါ်ခင်သီတာ(YKN-000199) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သီတာ(အစ်မ) သည် (၃၀-၄-၂၀၀၇)ရက်နေ့တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့သဖြင့် ကွယ်လွန်သူ ဒေါ်ခင်သီတာတွင် ညီအစ်မ အရင်းများဖြစ်ကြသော ဒေါ်ခင်နီလာ၊ ဒေါ်ဥမ္မာ(ခ)ခင်ဥမ္မာ၊ ဒေါ်စန္ဒာတို့(၃)ဦးသာ မွေးချင်းညီအစ်မများဖြစ်ကြပြီး အခြားမွေးစားသား/ သမီးများလည်းမရှိပါကြောင်း၊ ၎င်းတို့(၃)ဦးအနက် ညီမအလတ်ဖြစ်သူ ဒေါ်ခင်နီလာသည် အပျိုကြီးဘဝဖြင့် အစ်မ ဒေါ်ခင်သီတာထက်စော၍ (၁-၅-၁၉၉၉)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသဖြင့် ဒေါ်ဥမ္မာ(ခ)ခင်ဥမ္မာ[၁၂/ပဇတ(နိုင်)၀၀၇၁၇၉]၊ ဒေါ်စန္ဒာ [၁၂/ပဇတ(နိုင်)၀၀၇၆၀၆]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် ညီအစ်မအရင်းများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ကျမ်းကျိန်လွှာ အမှတ်-၇၄၁/၂၀၂၄(၂၆-၁၁-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ ဂရန်မူရင်း တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ကျင်ထွေး

### အသက် (၇၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ နှာခေါင်းပေါက်ကျေးရွာနေ (ဦးဖိုးရွှေ - ဒေါ်သိန်းရင်) တို့၏သမီး၊ (ဦးမြသန်း)-ဒေါ်ငွေး၊ (ဦးမြသိန်း-ဒေါ်ခင်သောင်း)တို့၏ ညီမ၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဦးအုန်းနိုင်-ဒေါ်စိုးကေသီ၊ ဦးထင်ပေါ်-ဒေါ်ထက်ထက်အောင်၊ ဦးဇင်ညီညီမျိုး (နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယအတွင်းဝန်)-ဒေါ်နွယ်နီအောင်(ပြည်တွင်းအခွန်များဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး)၊ ဒေါ်မေဇွန်အောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး လေး ယောက်တို့၏အဘွား၊ ဦးကျော်စိုး(အင်/ယာ မှူး-ငြိမ်း PPFC)၏ ချစ်လှစွာသောဇနီးသည် ၄-၅-၂၀၂၅(တနင်္ဂနွေနေ့) နံနက် ၇:၁၉နာရီတွင် Grand Hantha International Hospital ၌ (၉၆)ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်ကူးပြောင်းသွားပါသောကြောင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၆-၅-၂၀၂၅ (အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၂၅(စနေနေ့) နံနက် ၇ နာရီမှ ၁၂နာရီအထိ ဘုရားအမှူးရှိသော ပင့်သံဃာအရှင်မြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး အတူတကွ ရေစက်ချအမျှပေးဝေလိုပါသောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ အမှတ်(9-D) နေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ အကွက်အမှတ်(၂၇) ကျိုက်ဖောခိတောင်၊ ဦးပိုင်အမှတ်(၁၈/က)၊ ရွှေဝါလမ်းသွယ်(၁)၊ အိမ်အမှတ်(၂)ဟု ခေါ်တွင်သော အကျယ်အဝန်း(၂၅ ပေ x ၅၅ ပေ)ရှိ အိမ်နှင့်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းဖော်ပြလိပ်စာပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားလက်ရှိ ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်း ချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အေးမြတ်မွန် [၁၂/သလန(နိုင်)၀၀၇၄၁၃]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာမှုပြုအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအောင်ပြည့်ဖြိုးလွင် (LL.B)** | **ဦးသန်းထိုက်အောင် (LL.B , LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၄၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၇၇)** |

**အမှတ်(၆၀)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၁၀၃၂၅၄၀၊ ၀၉-၇၉၆၆၄၉၉၈၁**

---

## "ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ ဇေယျာလမ်း၊ မြေကွက်အမှတ် (၅၁၄/ခ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက် နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်(၆-ထပ်)အဆောက်အဦး၏မြေညီထပ်တိုက်ခန်းနှင့်ပတ်သက်၍ ကြော်ငြာခြင်း"

အထက်ဖော်ပြပါမြေကွက်နှင့် မြေညီတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ လက်ရှိထား ဝယ်ယူပိုင်ဆိုင်၍ မည်သူတစ်ဦးတစ်ယောက်တို့မျှ ရောင်းချထားခြင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေအရ လွှဲပြောင်းထားခြင်း မရှိကြောင်း မိမိတဦးတည်းသာ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူ ဒေါ်သင်းလဲ့ရည်ဆွေ (၁၄/ဘတလ(နိုင်) ၂၁၃၈၂၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေ က ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်သဖြင့် ပိုင်ဆိုင်သတ်ဆိုင်ခွင့်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်နေ့အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဟု အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်စုစုမွန်၏လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်သက်ထားဆွေ LL.B ,D.I.L ,Dip in Eng**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
၀၉-၉၇၂၂၃၄၉၉၆ ၊ ၀၉-၈၈၁၁၈၁၁၉၈၈
အမှတ်(၂၇/မြေညီ)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။

---

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၀၊ မြေကွက်အမှတ်-၁၉၀/၁၉၁၊ ဧရိယာ (၀.၁၁၁)ကေရှိ ဒေါ်လှကြည်(ခ)တီတီဘေး (H/RGN-၀၃၄၄၆၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အပါအဝင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဒေါ်အေးအေးလှ (၆/ထဝန(နိုင်)၀၁၁၈၁၂)**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးမြင့်ဝေ (၈/မတန(နိုင်)၀၃၉၃၂၄)**က အပြီးအပိုင်ဝယ်ယူရန်စရန်ငွေအချို့ပေးချေထားပြီး ဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်စန်းစန်းမော် (LL.B) (စဉ်-၆၄၈၇/၉၇) | ဒေါ်ငုဝါလှိုင် (LL.B) (စဉ်-၅၀၉၀၅) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄

---




## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ပညာပေါ်တွင် အခြေခံ...**

❖ **ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား ကျောင်းသူလူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးခြင်းခံထားရသည့် သားအမိနှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာ ပြန်လည်ကယ်တင်နိုင်ခဲ့၊ အကြမ်းဖက်သမား ခြောက်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်သမား သုံးဦးအား အသေဖမ်းဆီးရမိ

နေပြည်တော် မေ ၅

PDF အမည်ခံ အကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများအား လက်နက်အားကိုးဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း၊ အကျပ်ကိုင်ခြိမ်းခြောက်၍ ငွေကြေးတောင်းခံခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများစသော လူသားချင်းမစာနာသည့် လူမဆန်သော အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများအား ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျူးလွန်လျက်ရှိရာ မေ ၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ပုဏ္ဏမီလမ်းနေ မနိုနိုဦးလွင်(၃၃)နှစ်သည် ၎င်း၏နေအိမ်နှင့် တွဲလျက်ဖွင့်လှစ်ထားသည့် Blue Liquor House ဆိုင်၌ မိသားစုဝင်များနှင့်အတူ ရှိနေစဉ် သေနတ်အတိုများ ကိုင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမား သုံးဦးက ဆိုင်ကယ်သုံးစီးဖြင့်ရောက်ရှိလာပြီး မနိုနိုဦးလွင်နှင့် ၎င်း၏သားဖြစ်သူ မောင်လကာ်(၃)နှစ်တို့ နှစ်ဦးအား သေနတ်ပြခြိမ်းခြောက်ကာ ဆိုင်ကယ်များဖြင့် တင်ဆောင်၍ နန္ဒဝန်ရပ်ကွက် နယ်မြေ(၈)ကွမ်းခြံဘက်သို့ ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့ပြည်သူ နှစ်ဦးအား အကြမ်းဖက်သမားများက ပြန်ပေးဆွဲ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းရလျှင်ရချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ်ခဲ့ရာ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ပြန်ပေးဆွဲမှုကျူးလွန်ရာတွင် ပါဝင်ခဲ့သူများဖြစ်ကြသော နန္ဒဝန်ရပ်ကွက် နယ်မြေ(၈)နေ သက်အောင်ဖြိုး(ခ) ကောင်းကင်(၂၃)နှစ် (ဘ)ဦးအောင်လင်းအား လည်းကောင်း၊ ယင်းနေ့ ည ၁၀ နာရီ ၃၅ မိနစ်တွင် ကောင်းရှင်းသန့်(ခ) ပေါက်စီ(၁၇)နှစ် (ဘ) ဦးအောင်နိုင်ဝင်း၊ ဇင်မင်းထွန်း(ခ) ကိုမင်း (၃၁)နှစ် (ဘ)ဦးသန်းထွန်းနှင့် ရောင်နီဦး(ခ) ကတုံး(ခ) ရကောက်(၂၆)နှစ် (ဘ) ဦးအောင်ဆန်းတို့ သုံးဦးအား နန္ဒဝန်ရပ်ကွက် နယ်မြေ(၈) ကွမ်းခြံအစပ်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ **စာမျက်နှာ ၁၉ ကော်လံ ၁ သို့** ❍



အကြမ်းဖက်သမားများဖြစ်ကြသည့် ကောင်းရှင်းသန့်(ခ) ပေါက်စီ၊ ဇင်မင်းထွန်း(ခ) ကိုမင်း၊ သက်အောင်ဖြိုး(ခ) ကောင်းကင်၊ ရောင်နီဦး(ခ) ကတုံး(ခ) ရကောက်တို့အား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

## လီဗာပူးအသင်းကို အနိုင်ရပြီး ချယ်လ်ဆီးအသင်း လာမယ့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိနိုင်မယ့် မျှော်လင့်ချက်ရှင်သန်လာ

ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၃၅)အဖြစ် မေ ၄ ရက် ညပိုင်းက လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် လာမယ့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိနိုင်မယ့် မျှော်လင့်ချက်ရှင်သန်လာခဲ့ပြီ ဖြစ်ပါတယ်။

**စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ❂




ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။


**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၂

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သင်တန်းဆင်းပွဲများ ကျင်းပ**

စာမျက်နှာ » ၁၄

**မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ် ၄၃၅၄ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေများ ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦး၊ သက်သေခံပစ္စည်းများ သိုဝှက်သိမ်းဆည်းပေးသူ တရားခံအမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၉